ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်၊ သောကြာနေ့၊ (30-7-2004) (၄၃၁၀)

အရိယ သစ္စာန ဒဿနံ တေ မင်္ဂလ မုတ္တမံ။

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နေရာဒေသအချို့တွင် မကြာသေးမီက ရေကြီးမှုကြောင့် လူနှင့်အသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်ရိုကိုအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၃၀

၂၀၀၄ခုနှစ် ဇူလိုင် ၃၀ ရက်၌ ကျရောက်သော မော်ရိုကိုနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်ရိုကိုနိုင်ငံအကြီးအကဲ ဆဋ္ဌမမြောက် မိုဟာမက် ဘုရင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ဒုတိယသမ္မတထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နေရာဒေသအချို့တွင် မကြာသေးမီက ရေကြီးမှုကြောင့် လူနှင့်အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ကျန်းချင်းဟုန်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နေရာဒေသအချို့တွင် မကြာသေးမီက ရေကြီးမှုကြောင့် လူနှင့်အသက် အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ – နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေး–မိတ္ထီလာလမ်း ခြောက်လမ်းသွား တိုးချဲ့ဖောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပင်းချားတံတား တည်ဆောက်မှု စစ်ဆေး မန္တလေး–မိတ္ထီလာ ခြောက်လမ်းသွားလမ်း တိုးချဲ့ဖောက်လုပ်မှု ကြည့်ရှု

ရန်ကုန် ဇူလိုင် ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇူလိုင် ၂၇ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းဖြင့် ထွက်ခွာခဲ့ကြပြီး နံနက် ၇နာရီခွဲ တွင် မန္တလေးမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြရာ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✧

လေဖိအားနည်းရပ်ဝန်း အားပျော့ပျက်ပြယ်

ရန်ကုန် ဇူလိုင် ၂၉

ယနေ့နံနက် မြန်မာစံတော်ချိန် ၀၉:၃၀ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့ပျက်ပြယ်သွားပြီဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်တွင်အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၃၀-၇-၂၀၀၄
(သောကြာနေ့)

တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး ဥပဒေနှင့်အညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် မျှော်မှန်းပြီး အနာဂတ်နိုင်ငံတော်သစ်ကြီးနှင့် ဆီလျော်ညီညွတ်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ ပေါ်ထွန်းလာစေရန် ဘက်စုံထောင့်စုံက ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်းတည်ဆောက်ရာတွင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု အပြည့်အဝဖြစ်ထွန်းနေရန် လိုအပ်သည်။ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသား ပြည်သူများအားလုံးက တရားဥပဒေကို လေးစားလိုက်နာကြပြီး ပြည်သူများအချင်းချင်း တရားဥပဒေနှင့်အညီ အပြန်အလှန် ကျင့်ကြံနေထိုင်ကြရမည်ဖြစ်သည်။ ထို့အပြင် တရားဥပဒေ၏ အကာအကွယ်အောက်တွင် မိမိတို့၏ ဘဝလုံခြုံချမ်းမြေ့မှုကို ပြည့်ဝစွာ တည်ဆောက်သွားနိုင်ကြရမည် ဖြစ်သည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု အကျိုးရလဒ်ကောင်းများကို ပြည်သူများ အပြည့်အဝရရှိခံစားနိုင်ရေးတွင် တရားရေးမဏ္ဍိုင် မယိမ်းမယိုင် တည့်မတ်ခိုင်မာနေရေးသည် အလိုအပ်ဆုံးဖြစ်ရာ တရားစီရင်ရေးကဏ္ဍနှင့် သက်ဆိုင်သူပုဂ္ဂိုလ်အားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇူလိုင်လ ၂၈ ရက်နေ့က ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ၌ တရားရုံးချုပ်နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင် တရားသူကြီးများ၊ ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဥပဒေအရာရှိများနှင့် တွေ့ဆုံရာတွင် တရားစီရင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ **တရားစီရင်ရေးမဏ္ဍိုင် မတိမ်းစောင်းရေးနှင့် မှန်မှန်နှင့်မြန်မြန် တရားစီရင်နိုင်ရေးတို့အတွက် တရားသူကြီးများသာမက တရားစီရင်ရေးကဏ္ဍတွင် ပါဝင်ကြသည့် တရားစွဲအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင်များအားလုံးက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ တာဝန်ရှိရှိဆောင်ရွက်ရင်း ဌာနဆိုင်ရာအချင်းချင်း အပြုသဘော ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ကြခြင်းအားဖြင့် မှန်ကန်တည့်မတ်သော တရားစီရင်ရေးစနစ် ဖြစ်ထွန်းလာစေရအောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်** မှာကြားခဲ့သည်။

တရားရေး မဏ္ဍိုင်တည့်မတ်ခိုင်မာရေးတွင် တရားသူကြီးများ၏ တရားမျှတမှန်ကန်မှုလိုအပ်သည့်အပြင် တရားစီရင်ရာတွင် မြန်ဆန်မှုအပြင် မှန်ကန်မှုရှိရန်လည်း အရေးကြီးပေသည်။ မှန်ကန်မြန်ဆန်သော တရားစီရင်ရေးထွန်းကားမှသာ ပြည်သူတို့ စိတ်ချမ်းမြေ့ကြမည်ဖြစ်သည်။ ဥပဒေဘောင်အတွင်း မှန်ကန်စွာပြုမူကျင့်ကြံပါမှ အန္တရာယ်မရှိဘဲ မကြောင့်မကြ ကောင်းစွာအသက်မွေးဝမ်းကျောင်းပြုနိုင်ကြမည်ဖြစ်သကဲ့သို့ မမှန်မကန်လုပ်သူများ၊ ပြစ်မှုကျူးလွန်သူများကို အမှန်တရားက စီရင်အပြစ်ပေးမည်ဖြစ်သည်ဟူသည့် မှန်ကန်သော တရားစီရင်မှု သဘောတရားကို ပြည်သူတို့ ယုံကြည်စွဲမြဲလာမည်ဖြစ်ပေသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတစ်ခု၏ ဂုဏ်အင်္ဂါရပ်များနှင့် ညီညွတ်စေရန် နိုင်ငံတော်၏ တရားစီရင်ရေးစနစ်ကို ဥပဒေတတ်သိကျွမ်းကျင်သော ပညာရှင်များက တရားစီရင်သည့်စနစ်၊ ပြည်သူများ၏ အကျိုးစီးပွားကို ဥပဒေပညာရှင်များက ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရသည့် စနစ်တို့ဖြင့် လိုအပ်သော ဥပဒေများပြဋ္ဌာန်းပြီး စနစ်တကျ ထူထောင်ပေးထားပြီးဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက တရားဥပဒေစိုးမိုးပြီး ပြည်သူအများ တရားဥပဒေဘောင်အတွင်း စိတ်အေးချမ်းမြေ့စွာ နေထိုင်နိုင်ရေးကို ရေရှည်အာမခံနိုင်မည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

အဆိုပါ မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီး၏ အပိုင်းတစ်ပိုင်းကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ အမျိုးသားညီလာခံကြီးတွင် တရားသူကြီးများ၊ ဥပဒေအရာရှိများ အပါအဝင်ဖြစ်သည့် လူထုလူတန်းစားအလွှာများ၊ တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ စုံစုံညီညီတက်ရောက်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်မူများကို ဆွေးနွေးညှိနှိုင်းချမှတ်လျက်ရှိရာတွင် တရားစီရင်ရေးကဏ္ဍကို တစ်ပိုင်းတစ်ကဏ္ဍ ထည့်သွင်းဆုံးဖြတ်ချမှတ်လျက်ရှိသည်။

သို့ဖြစ်ရာ တရားသူကြီးများ၊ ဥပဒေအရာရှိများအပါအဝင် တရားစီရင်ရေးကဏ္ဍမှ တာဝန်ရှိသူများအားလုံးက တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာမြဲမြံရေး ပင်မတာဝန်များနှင့်အတူ အမျိုးသားညီလာခံကြီး အောင်မြင်စွာ ပြီးမြောက်ရေးတာဝန်များကို ကျရာအခန်းကဏ္ဍအလိုက် ကျေပွန်စွာ ပါဝင်ထမ်းရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ သတ္တမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မဟာဓမ္မရံသီအိမ်တော်တိုက်ရှိ ဒဂုံပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်၊ ဒဂုံပရိယတ္တိစာသင် တိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒ အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ဒုတိယဝန်ကြီး ဦးသိန်းစိန်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းနှင့်ဇနီး၊ ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

အခမ်းအနားတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒဂုံပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒက ငါးပါးသီလ ချီးမြှင့်တော်မူပြီး ဆရာတော်သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ဖွား သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့က ဦးဆောင်၍ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒဂုံပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူကာ ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော် အရှင်သူမြတ်များအား ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်အား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ-တရုတ် ဤသရုပ်ဖြင့်

★ မေတ္တာကို မေတ္တာချင်း
တုံ့လှယ်ခြင်း ပြုတဲ့အခါ၊
ချစ်ကြင်နာ ညီကိုအရင်း
စိတ်တွင်း၌ ဖြစ်ပေါ်လာ။
★ ညီကိုအရင်း
စိတ်တွင်း ခံယူလာတော့
စေတနာ ပြန်လှန် ရောက်ပါလို့
နှစ်ယောက်တွဲ မြဲအတူ
ဖေးကူလို့ လျှောက်လှမ်း၊
ဦးတည်ရာ သာစခန်းကိုလ
နောင်ရောက်လျှင် ညီမကွာပ
ညီရောက်လျှင် နောင်ပါဖို့
တူယှဉ်ကာ ပြိုင်တူလျှောက်
ရောက်ဖို့ ရည်မှန်း။ ။

မိုးဝ

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဇူလိုင် ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့် မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူး၊ ဌာန
(က)	ဦးမင်းလှအောင်	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
(ခ)	ဦးဗိုလ်ကြည်	ညွှန်ကြားရေးမှူးချုပ် တရားရုံးချုပ်(မန္တလေး)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၂၉-၇-၂၀၀၄)

ပူတာအို	-	၆ ဒသမ	၃၈	လက်မ
ကလေးဝ	-	၄ ဒသမ	၁၇	လက်မ
စစ်တွေ	-	၃ ဒသမ	၃၁	လက်မ
ဟသ္သာတ	-	၂ ဒသမ	၇၆	လက်မ

စမ်းချောင်းလမ်း ၁၀ရက်တရားစခန်း ဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၉

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာအလုပ်ပေးတရားတော်မြတ်ကို ကမ္မဋ္ဌာန်းနည်းပြဆရာဦးကျော်နိုင်ထွန်းက ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၈ ရက်အထိ နေ့စဉ်မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၂၉) ဒုတိယအလွှာတွင် ဓမ္မဒါနပြုမည်ဖြစ်ရာ လာရောက်တရား အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

တရားဦးဒေသနာ ဓမ္မစကြာ

ဦးကျော်စိန်(မန္တလေး)

သုံးလောကထွတ်ထား သဗ္ဗညုတမြတ်စွာဘုရား၏ မဟာဗုဒ္ဓဝင်ဖြစ်တော်စဉ်တွင် "ဝါဆိုလပြည့်နေ့"သည် မြတ်စွာဘုရား ပဋိသန္ဓေတည်နေတော်မူသောနေ့၊ တောထွက်တော်မူသောနေ့၊ ဓမ္မစကြာတရား ဟောတော်မူသောနေ့များ ကြုံကြိုက်သည့် နေ့ထူးနေ့မြတ်ဖြစ်ပေသည်။ "ဓမ္မစကြာသုတ္တန်"ဟူသည် မြတ်ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် "ပဉ္စဝဂ္ဂီငါးဦး" အား ဦးဦးဖျားဖျား ဟောကြားတော်မူသော တရားဒေသနာတော်ဖြစ်ပါသည်။ "ဓမ္မစကြာသုတ္တန်"ကို ကျွန်ုပ်တို့မြတ်စွာဘုရား တစ်ဆူတည်းသာ ဦးဦးဖျားဖျား ဟောကြားတော်မူခဲ့သည် မဟုတ်၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြသော ဘုရားရှင်များသည်လည်း ဤ"ဓမ္မစကြာသုတ္တန်"ကိုပင် ဦးဦးဖျားဖျား ဟောကြားတော်မူခဲ့ကြသည်။ ထိုမျှသာမက နောင်ပွင့်တော်မူမည့်ဘုရားရှင်များသည်လည်း ဤ"ဓမ္မစကြာသုတ္တန်"ကိုပင် ဦးဦးဖျားဖျား ဟောကြားတော်မူမည် ဖြစ်သည်။ သို့ဖြစ်၍ ဤ "ဓမ္မစကြာသုတ္တန်"ကို ဘုရားရှင်တိုင်း ဦးဦးဖျားဖျား ဟောကြားလေ့ရှိသဖြင့် ထူးခြားသော တရားဒေသနာတော်ဟု ဆိုရမည်ဖြစ်ပေသည်။

ဤ "ဓမ္မစကြာသုတ္တန်" ကို ပိဋကတ်ကျမ်းဂန်များ၌ "ဓမ္မစက္ကပဝတ္တနသုတ္တန်"ဟုတွေ့ရပါသည်။ ထိုစကား၌ "ဓမ္မစက္က"၏အရမှာ အဋ္ဌကထာ၌ ဉာဏ်တော်ကို ဆိုလိုရင်းဖြစ်ကြောင်းပြဆိုထား၏။ ထိုဉာဏ်တော်သည်-

(၁) ပဋိဝေဓဉာဏ် (ထိုးထွင်းသိဉာဏ်)

(၂) ဒေသနာဉာဏ် (ဟောပြောပြဉာဏ်)

ဟု နှစ်မျိုးနှစ်စားရှိလေသည်။ ထိုနှစ်မျိုးနှစ်စားသော ဉာဏ်တို့တွင် ပဋိဝေဓဉာဏ်(ထိုးထွင်းသိဉာဏ်)တော်သည် ဗောဓိမဏ္ဍိုင်၌ ဖြစ်ပေါ်ခဲ့၏။ ဒေသနာဉာဏ်(ဟောပြောပြဉာဏ်)တော်ကား ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ဖြစ်ပေါ်ခဲ့သည်။ ကိုယ်တော်တိုင် ပဋိဝေဒဉာဏ်တော်ဖြင့် ထိုးထွင်း၍ သိတော်မူသော သစ္စာလေးပါး တရားမွန်တို့ကို သူတစ်ပါးတို့အား သိစေရန် ဒေသနာဉာဏ်ဖြင့် ဟောပြောပြသတော်မူသည်။ "ပဝတ္တန" ဆိုရာ၌ "ဖြစ်စေခြင်း" ဟူ၍ဆိုလိုရာ ဆိုခဲ့ပြီးသော ဉာဏ်တော်နှစ်ပါးကို ဖြစ်စေခြင်းဟု အဓိပ္ပာယ်ရလေသည်။ ထို့ကြောင့် မြတ်စွာဘုရား၏ ထိုဉာဏ်တော်နှစ်ပါးကို ဖြစ်စေသော "သုတ္တန်"တရားတော်သည် "ဓမ္မစက္ကပဝတ္တနသုတ္တန်"တရားတော်ဖြစ်ကြောင်းသိရပေသည်။

ဤ "ဓမ္မစက္ကပဝတ္တနသုတ္တန်" ၌ သစ္စာလေးပါး တရားမွန်တို့ကို မဟောကြားမီ ရှေးဦးစွာ မလိုလားထိုက်သောအယူဝါဒတို့ကို ဟောပြတော်မူ၏။ ထိုအယူဝါဒများကား (၁)ကာမသုခလ္လိကာ နုယောဂ၊ (၂) အတ္တကိလမထာနုယောဂဟုနှစ်မျိုးရှိရာ "ကာမသုခလ္လိကာနုယောဂ"ဆိုသည်မှာ "လောကာယတဝါဒ" ကိုဆိုသည်။ ထိုဝါဒ၏ရည်ရွယ်ချက်မှာ မျက်မြင်လောက၌ စားကြ၊ သောက်ကြ၊ ကာမဂုဏ်ချမ်းသာတို့ကို ခံစားပျော်ပါးကြရန်ပင်ဖြစ်၏။ လောကချမ်းသာနှင့် ပျော်ပိုက်ရေးဝါဒသာ ဖြစ်ပေသည်။ "အတ္တကိလမထာနုယောဂ"ဝါဒကား နိဗ္ဗာန်ချမ်းသာ ရရှိရေးအတွက် မိမိကိုယ်ကို ဒုက္ခပေးရမည်ဟု ဆိုလိုရင်းဝါဒပင်ဖြစ်၏။ ထိုဝါဒနှစ်မျိုးလုံးကို မြတ်စွာဘုရားသည် ချွင်းချက်မရှိ ပယ်တော်မူခဲ့လေသည်။

မြတ်စွာဘုရား၏ အလိုတော်အရ၊ ကာမဂုဏ် စည်းစိမ်ချမ်းသာကို ခံစားမက်မော၊ တွယ်တာကပ်ငြိမှုသည် တစ်ခုသော အစွန်းလည်းဖြစ်၏။ မမြတ်သော အကျင့်လည်းဖြစ်သည့်အပြင် တိုးတက်ခြင်း၏ အကြောင်းတရားလည်း မဟုတ်ချေ။ ကာမဂုဏ်ချမ်းသာ၌ မက်မောမှုသည် အစွန်းတစ်ခုဖြစ်သကဲ့သို့ နိဗ္ဗာန်ချမ်းသာ ရရှိရန်အရေးဖြင့် ခန္ဓာကိုယ်ကို ပြင်းထန်စွာ ဒုက္ခပေးမှုသည်လည်း တစ်ခုသော အစွန်းပင်ဟု မြတ်စွာဘုရား ဟောတော်မူသည်။ ယင်းကိုဆင်းရဲဟူ၍ လည်းကောင်း၊ အရိယာတို့၏ ဥစ္စာမဟုတ် ဟူ၍ လည်းကောင်း၊ အကျိုးမဲ့ဟူ၍လည်းကောင်း ဟောတော်မူသည်။

ဤသို့လျှင် ပယ်စွန့်ထိုက်သော နိဗ္ဗာန်ချမ်းသာမရကြောင်း အစွန်းနှစ်ပါးကို ပယ်စွန့်ရမည်ဟု ဟောကြားတော်မူပြီးလျှင် သဗ္ဗညုတဉာဏ်တော်ဖြင့် အထူးရှာဖွေ၍ရသော နိဗ္ဗာန်ချမ်းသာရကြောင်း၊ ဉာဏ်မျက်စိကို ပြုပေးတတ်သော အကျင့်မြတ်တရား အလင်းရောင်ကိုလည်း ထွန်းလင်းပြတော်မူသည်။ ဤသို့ ထွန်းလင်းပြတော်မူသော ထိုအလင်းရောင်သည် ကိလေသာငြိမ်းရန်၊ စင်ကြယ်သော ဉာဏ်အမြင်ရရန်၊ အမှန်ကို ထိုးထွင်းသိရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တရားအလင်းရောင်ဖြစ်၍ ယင်း၏အမည်မှာ "မဇ္ဈိမပဋိပဒါ" ဟုတွင်လေသည်။ "မဇ္ဈိမပဋိပဒါ" ဟူသည် အလယ်အလတ် ကျင့်စဉ်ဖြစ်၏။ ယင်း "မဇ္ဈိမပဋိပဒါ" အမျိုးအစားအရေအတွက်ကား-

(၁) ကောင်းမြတ်စင်ကြယ်သော သိမြင်မှု(သမ္မာဒိဋ္ဌိ)၊
(၂) ကောင်းမြတ်စင်ကြယ်သော ကြံစည်မှု(သမ္မာသင်္ကပ္ပ)၊
(၃) ကောင်းမြတ်စင်ကြယ်သော ဝစီကံမှု(သမ္မာဝါစာ)၊
(၄) ကောင်းမြတ်စင်ကြယ်သော ကာယကံမှု(သမ္မာကမ္မန္တ)၊
(၅) ကောင်းမြတ်စင်ကြယ်သော အသက်မွေးမှု(သမ္မာအာဇီဝ)၊
(၆) ကောင်းမြတ်စင်ကြယ်သော အားထုတ်မှု(သမ္မာဝါယမ)၊
(၇) ကောင်းမြတ်စင်ကြယ်သော အောက်မေ့မှု(သမ္မာသတိ)၊
(၈) ကောင်းမြတ်စင်ကြယ်သော တည်ကြည်မှု(သမ္မာသမာဓိ)

ဟူ၍ ရှစ်မျိုး ရှစ်ပါးရှိလေရာ ယင်းကိုပင် မဂ်၏အစိတ်အပိုင်း(မဂ္ဂင်)ဟုခေါ်လေသည်။ ဤရှစ်မျိုးသော လမ်းမှန်ကျင့်စဉ်များကို ကိုယ်တော်တိုင် ထိုးထွင်း၍သိပြီးမှ ဟောတော်မူကြောင်းကို "တထာဂတေန အဘိသမ္ဗုဒ္ဓါ" ဟူသောစကားဖြင့် ထင်ရှားပေသည်။

"မဇ္ဈိမပဋိပဒါ" ကြောင့် ရအပ်သော အကျိုးတရားမှာ ကိလေသာတို့ကို ဖျက်ဆီးသဖြင့် ရအပ်သောအလွန်စင်ကြယ်မွန်မြတ်သော ချမ်းသာအကျိုးတရားပင်ဖြစ်လေသည်။ "ပဉ္စဝဂ္ဂီငါးဦး"တို့အား ဝါဆိုလပြည့်နေ့က တရားအလင်းရောင် "မဇ္ဈိမပဋိပဒါ" ကို ထွန်းပြဟောတော်မူခဲ့သည်မှာ ယခုဘဝ၌သော် လည်းကောင်း၊ နောင်ဘဝ၌သော်လည်းကောင်း၊ ဘဝချမ်းသာ လောကီစည်းစိမ်များကို ရစေနိုင်ရန် ထွန်းပြဟောကြားခဲ့သည် မဟုတ်ဘဲ၊ လောကုတ္တရာချမ်းသာကို ရရန်၊ လောကုတ္တရာချမ်းသာသို့ ပို့ဆောင်နိုင်သော တစ်ခုတည်း၊ တစ်ကြောင်းတည်း၊ တစ်ရောင်တည်းသော ဓမ္မနည်းလမ်းစဉ်အဖြစ်ဖြင့် ဟောကြားခဲ့ခြင်း ဖြစ်ပေသည်။

ဤ "ဓမ္မစက္ကပဝတ္တနသုတ္တန်" ဒေသနာ၏ အစပိုင်း၌ "ပဉ္စဝဂ္ဂီငါးဦး" တို့၏ အယူမှားကို ပယ်ဖျက်ပြီးလျှင် တရားစစ်၏ အခြေခံသစ္စာလေးပါးကို အကျယ်ရှင်းလင်းဟောပြတော်မူ၏။ ထိုသစ္စာလေးပါးမှာ-ဆင်းရဲအမှန်ဟူသော "ဒုက္ခသစ္စာ" ၊ ဆင်းရဲဖြစ်ကြောင်းအမှန်ဟူသော "သမုဒယသစ္စာ"၊ ဆင်းရဲချုပ်ငြိမ်းရာ အမှန်ဟူသော"နိရောဓသစ္စာ"၊ ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အမှန်ဟူသော "မဂ္ဂသစ္စာ"ဟူသော ဤလေးပါးတည်း။ ဤသစ္စာလေးပါး မြတ်တရားကို လက်တွေ့ဆိုက်ရောက် မျက်မှောက်ပြုရမည့်တရားများ ဖြစ်ကြောင်းကို ဂရုပြုမှတ်သားရမည်ဖြစ်ပေသည်။

ဤသစ္စာလေးပါး မြတ်တရား၌ ဆင်းရဲကိုအရင်းခံထား၍ ဟောကြားတော်မူသော်လည်း ဆင်းရဲမှ လွတ်မြောက်ရာကိုလည်း ဟောပြလျက်ရှိ၏။ ဆင်းရဲကိုမည်သူမျှအလိုမရှိ၊ ချမ်းသာကိုသာလိုချင်ကြ၏။ သို့ရာတွင် ခံစားမှုဝေဒနာကို စွဲ၍ဖြစ်သော ချမ်းသာမျိုးသည် တည်မြဲသော ချမ်းသာမှုမျိုးမဟုတ်ချေ။ ခံစားမှုနှင့် စပ်သော ချမ်းသာမှုမျိုး၏ မမြဲပုံမှာ ကျွန်ုပ်တို့၏ ကိုယ်တွေ့ပင်ဖြစ်၍ ထင်ရှားလှ၏။ ရှင်တော်မြတ်ဘုရား၏ တရားတော်အလို နိဗ္ဗာန်ချမ်းသာဟူသည် ဒုက္ခအားလုံး အကြွင်းမဲ့ ချုပ်ငြိမ်းမှုဖြစ်၏။ ဒုတိယဖြစ်သော "သမုဒယသစ္စာ"၌ ဝေဖန်၍ပြသော "ပေါနောဗ္ဘဝိက" ဟူသောစကားအရ တစ်ဖန်ဘဝသစ်ကို ပေးတတ်၏ဟု အဓိပ္ပာယ်ရရာ သတ္တဝါတို့အား နောင်ဘဝရှိကြောင်း ဘုရားရှင် ဟောတော်မူခြင်းဖြစ်သည်။ ဤသုတ္တန်ဒေသနာ၏အလယ်ပိုင်း၌ ရှေးက မကြားစဖူးသော တရားတို့၌ ဉာဏ်အလင်းဖြစ်ပေါ်လာကြောင်း ဟောတော်မူ၏။ ထို့အတူပင် ထိုသစ္စာတို့နှင့် စပ်လျဉ်း၍ "သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်" သုံးပါး ဖြစ်ပုံနှင့် တစ်ဆယ့် နှစ်ပါးသော အခြင်းအရာတို့ကို အကျယ်ခွဲခြားပြတော်မူသည်။

သစ္စာလေးပါးတို့တွင်-

"ဒုက္ခသစ္စာ"ကို မဂ်ဉာဏ်ဖြင့် ပိုင်းခြားသိရမည်။
"သမုဒယသစ္စာ"ကို မဂ်ဉာဏ်ဖြင့် ပယ်ပစ်ရမည်။
"နိရောဓသစ္စာ"ကို မဂ်ဉာဏ်ဖြင့် ဆိုက်ရောက် မျက်မှောက်ပြုရမည်။
"မဂ္ဂသစ္စာ"ကို ပွားများရမည်။

ဤသစ္စာလေးပါးနှင့်စပ်လျဉ်း၍မြတ်ဗုဒ္ဓသည် ရှင်းရှင်းလင်းလင်းအသိဉာဏ် မဖြစ်ပေါ်သေးသမျှ "သမ္မာသမ္ဗောဓိဉာဏ်"ကို ရရှိကြောင်း လောက၌ ဟောပြတော်မမူ။ သစ္စာလေးပါးကို ရှင်းရှင်းလင်းလင်း ပြည့်ပြည့်စုံစုံ သိမြင်တော်မူသောအခါကျမှ "သမ္မာသမ္ဗောဓိဉာဏ်"ကို ရရှိတော်မူကြောင်း ဟောပြတော်မူ၏ဟု သုတ္တန်အဆုံး၌ မိန့်တော်မူ၏။ "ဤကား-ငါ၏ အဆုံးစွန်သော ဘဝတည်း၊ နောင်တစ်ဖန် ဖြစ်ပေါ်ခြင်းမရှိ" ဟု အဆုံးသတ်ဘဝအဖြစ်ကို ထင်ရှားစွာ ပြတော်မူပြီးလျှင် ဤ "တရားဦးဒေသနာ ဓမ္မစကြာ"တရားတော်ကို ပြီးဆုံးစေတော်မူသည်။

ဓမ္မစကြာတရားတော်၏ အဆုံး၌ "ပဉ္စဝဂ္ဂီငါးဦး"မှ အရှင်ကောဏ္ဍည မထေရ်သည် ရှေးဦးစွာ သောတာပန်ဖြစ်လေသည်။ တရားအလင်းရောင်၏ အကြည်ဓာတ်ကို ခံယူရန်လာရောက်ကြသော သိန်းသန်း မက များလှစွာသော နတ်၊ ဗြဟ္မာတို့သည် ကောင်းချီးနှမော"သာဓု" ခေါ်ဆို ကြလေကုန်သည်။ ဗြဟ္မာပေါင်း ၁၈ ကုဋေနှင့် နတ်တွေ မရေမတွက်နိုင်အောင် များမြောင်လှစွာ အကျွတ်တရားရကြလေသည်။ ဤသုတ္တန်သည် အကျွတ်တရား အများဆုံးရသော သုတ္တန်ဒေသနာများတွင် ပါဝင်သည်။ အကျွတ်တရား များစွာရသော သုတ္တန်ဒေသနာတော်များမှာ ဓမ္မစကြာသုတ်၊ မဟာသမယသုတ်၊ မင်္ဂလသုတ်၊ သမစိတ္တသုတ်၊ ရာဟုလောဝါဒသုတ်၊ ပရာဘဝသုတ်တို့ ဖြစ်သည်။

ဤသို့ဖြင့် ပွင့်တော်မူကြသော မြတ်စွာဘုရားရှင်တိုင်း ဦးဦးဖျားဖျား ဟောကြားတော်မူသော **"ဓမ္မစက္ကပဝတ္တနသုတ္တန်"** ဒေသနာတော်မြတ်ကို ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် နှုတ်တက်အာဂုံ အရဆောင်ကြပြီးလျှင် အမြဲမပြတ် ရွတ်ဆိုပူဇော်ပွားများ အားထုတ်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ရပါတော့သည်။ ။

ကျေးလက် စက်ရေတွင်းသစ် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၉

မကွေးတိုင်း မြိုင်မြို့နယ် အိုးဘိုကျေးရွာတွင် မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော လေးလက်မ စက်ရေတွင်းသစ်ဖွင့်ပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီက ကျင်းပရာ စက်ရေတွင်း အလှူရှင် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အမှတ်(၉၄) အနော်ရထာလမ်း မြသိန်းတန်ကျောင်းတိုက် သာသနဓဇ သီရိပဝရ ဓမ္မာစရိယ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘန (နိုင်ငံတော်ဩဝါဒါစရိယ)နှင့် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ပခုက္ကူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဌေးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စက်ရေတွင်းမှာလေးလက်မတွင်းနက် အမျိုးအစား စက်ရေတွင်း ဖြစ်ပြီး အနက်ပေ ၅၂၀ ဖြစ်သည်။ စက်ရေတွင်းအလှူရှင်လှူဒါန်းငွေကျပ် ငါးသိန်း၊ နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၇၂ ဒသမ ၅၆ သိန်း စုစုပေါင်းကျပ် ၇၇ ဒသမ ၅၆ သိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စက်ရေတွင်း ၂၃ တွင်း၊ အခြား ရေရရှိရေးလုပ်ငန်းသုံးခု ဆောင်ရွက်သွားမည်ဖြစ်ပြီး စက်ရေတွင်း ၂၇ တွင်း၊ အခြားရေရရှိရေးလုပ်ငန်း၄၂ခုကိုလည်း ၂၀၀၆-၂၀၀၇ ခုနှစ်အပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဝါတွင်းတရားစခန်းပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၂၉

ပဲခူးတိုင်း အင်းတကော်ရွာအတွင်း တောင်ကိုးလုံး စိတ္တသုခတပ်ဦးကျောင်းတိုက်တွင် ဝါတွင်းသုံးလ တရားစခန်းဖွင့်ပွဲနှင့် ဆရာတော် အရှင်ဇာဂရ (မဟာစည် နယ်လှည့်ဓမ္မကထိက) အမှူးပြုသော ဝါဆိုဝါကပ်မည့် သံဃာတော်အပါး ၃၀ ကျော် တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက် (စနေနေ့)တွင် ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

အလုံလမ်းဓမ္မာရုံ ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၉

အလုံမြို့နယ် အလုံလမ်း ဓမ္မာရုံတွင် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဇူလိုင် ၃၁ ရက် နံနက်တွင် ကျင်းပမည်ဖြစ်ရာ စေတနာရှင်များ အလုံလမ်းဓမ္မာရုံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဝါတွင်းတရားပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဇဝနရပ်ကွက် သာသနရက္ခိတဓမ္မာရုံ၌ ဝါတွင်းလပြည့်၊ လကွယ်နေ့ တရားပွဲများကို ဇူလိုင် ၃၁ ရက်တွင် ခင်မကန်ကျောင်းတိုက် ဆရာတော် စစ်ကိုင်းဦးခေမိန္ဒ၊ ဩဂုတ် ၁၅ ရက်တွင် ရွှေပြည်ဟိန်းကျောင်းတိုက် ဆရာတော် အရှင်ခေမာသိရီလင်္ကာရ (သီတဂူကြာတစ်ပွင့်)၊ ဩဂုတ် ၃၀ ရက်တွင် ဓမ္မစေတီဆရာတော်ဘဒ္ဒန္တကောသလ္လ၊ စက်တင်ဘာ ၁၃ ရက်တွင် နတ်မောက် အရှင်တေဇနိယ၊ စက်တင်ဘာ ၂၈ ရက်တွင် စိတ္တသုခရာမကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကေသရ၊ အောက်တိုဘာ ၁၃ ရက်တွင် နန္ဒာရာမစာသင်တိုက် ဆရာတော် ဘဒ္ဒန္တနာဂိဿရ၊ အောက်တိုဘာ ၂၈ ရက်တွင် မေတ္တာအေးသာသနာ့ရိပ်သာဆရာတော် အရှင်သုဇာတတို့က မွန်းလွဲ ၂ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ချီးမြှင့်ဟောကြားမည် ဖြစ်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၇-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅	၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀	၇။ မျိုးချစ်တပ်မတော်
၄:၅၀	၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၁၀	၉။ **အခေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Plate Tectonic **(တတိယနှစ်-ပထဝီဝင်အထူးပြု)**
၅:၄၀	၁၀။ ပညာခေတ်
၅:၅၀	၁၁။ သာယာသီကွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။ မြန်မာ့ရှုခင်း
၆:၄၀	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အသည်းစိမ်းသလားကွယ် ပွဲသိမ်းကစားမယ်"(အပိုင်း-၁၀)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးကြိုးကွန်ရက်နှင့် လျှပ်စီးမား" (ဒုတိယတွဲ) (အပိုင်း-၂)**
	၂၅။ သင့်အတွက်မနက်ဖြန်
	၂၆။ အပိတ်နှုတ်ဆက်စကား
	၂၇။ ပြီးပါပြီ။

ကန်တို့ အီရတ်ကို ကျူးကျော်တိုက်ခိုက်မှု မှားယွင်းကြောင်း ဒီမိုကရက်တစ်ပါတီ ညီလာခံကိုယ်စားလှယ်အများစု ရှုမြင်

နယူးယောက် ဇူလိုင် ၂၇

ဒီမိုကရက်တစ်ပါတီညီလာခံတက်ရောက်ရန် ယခုရက်သတ္တပတ် ဘော့စတွန်မြို့သို့ ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်၁၀ဦးလျှင် ကိုးဦးတို့က အမေရိကန်ပြည်ထောင်စုအနေဖြင့် အီရတ်သို့ သွားရောက်ကျူးကျော်တိုက်ခိုက်ခြင်း မပြုသင့်ဟု ထင်မြင်ယူဆကြပြီး အီရတ်စစ်ပွဲမှ ရရှိသည့်အမြတ်မှာ အမေရိကန်တို့အသက်ဆုံးရှုံးရမှုနှင့် မကာမိကြောင်းဖြင့် ပြောကြားသည်ဟု နယူးယောက်တိုင်းမ်၊ စီဘီအက်စ်တို့၏ သဘောထားစစ်တမ်းတွင် ဖော်ပြပါရှိသည်။

ထင်ဟပ်

ဒီမိုကရက်တစ်ပါတီညီလာခံကိုယ်စားလှယ်များသည် အမေရိကန်ပြည်သူများ၊ သို့မဟုတ် ဒီမိုကရက်တစ်မဲဆန္ဒရှင်များထက် အီရတ်စစ်ပွဲကို ထောက်ခံမှုများစွာ လျော့နည်းပြီး ဒီမိုကရက်တစ်သမ္မတလောင်းနှင့် ဒုတိယသမ္မတလောင်းများအဖြစ် ၎င်းတို့ ရွေးချယ်အမည်စာရင်းတင်သွင်းမည့် အထက်လွှတ်တော်အမတ်များဖြစ်ကြသော ဂျွန်ကယ်ရီနှင့် ဂျွန်အက်ဒွပ်တို့၏ ပိုမိုစိတ်အနှောင့်အယှက်ဖြစ်သော သဘောထားများကို သူတို့အမြင်က ထင်ဟပ်နေခြင်းဖြစ်သည်။

ခွြင်းချက်ထား

ညီလာခံကိုယ်စားလှယ် ၉၀ ရာခိုင်နှုန်းနီးပါးက ဂျွန်ကယ်ရီကို လှိုက်လှိုက်လှဲလှဲ ထောက်ခံကြောင်း ဖော်ပြကြသည်။ ကျန်ကိုယ်စားလှယ်တို့တွင် ပါတီကအမည်စာရင်းတင်သွင်းမည့်သူဖြစ်၍သာထောက်ခံခြင်း၊သို့မဟုတ်ခြွင်းချက်ထား၍ ထောက်ခံခြင်း စသည်ဖြင့် နှစ်မျိုးကွဲပြားသည်။

ယူဆ

အီရတ်စစ်ပွဲ၊ အီရတ်အရေးနှင့် အကြမ်းဖက်မှုတို့ကို သူတို့ပြည်နယ်များအတွင်း အရေးအကြီးဆုံး အကြောင်းအရာများဟူ၍ ညီလာခံကိုယ်စားလှယ် အများစုက မရှုမြင်ကြပေ။ ကိုယ်စားလှယ်ခြောက်ဦးလျှင် တစ်ဦးသာလျှင် အရေးအကြီး ဆုံးပြဿနာဟု ယူဆသည်။ ကိုယ်စားလှယ်ထက်ဝက်ခန့်တို့က အရေးအကြီးဆုံးကိစ္စများမှာ စီးပွားရေးနှင့် အလုပ်အကိုင် ရရှိရေးပင်ဖြစ်သည်ဟု ပြောဆိုသည်။

ခံယူထား

ညီလာခံ ကိုယ်စားလှယ်များက သူတို့ကိုယ်တိုင်နှင့် ဂျွန်ကယ်ရီတို့သည်နိုင်ငံရေးအရ သဘောထားပျော့ပျောင်းသူများဖြစ်သည်ဟု ခံယူထားကြသည်။

အမ်အင်အေ၊ပီတီအိုင်။

ဇူလိုင် ၂၇ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့အနီးရှိ နေအိမ်တစ်အိမ်အား စီးနင်းဝင်ရောက်ရှာဖွေနေသည့် ကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အီရတ်ပြည်ထဲရေးဌာနအထက်တန်းအရာရှိလုပ်ကြံခံရ

ဘဂ္ဂဒက် ဇူလိုင် ၂၇

တနင်္လာနေ့က ဘဂ္ဂဒက်မြို့တွင် သေနတ်သမားများသည် အီရတ် ပြည်ထဲရေးဝန်ကြီးဌာနမှ အထက်တန်းအရာရှိတစ်ဦးကို လုပ်ကြံသွားကြကြောင်း အဆိုပါ ဝန်ကြီးဌာနမှလာသော သတင်းများအရသိရသည်။ အသတ်ခံရသူ ပြည်ထဲရေး ဝန်ကြီးဌာန၏ အထက်တန်းအရာရှိမှာ မူဆဗ်အလ်အာဝါဒီဖြစ်သည်။ ၎င်းနှင့်အတူ သက်တော်စောင့်နှစ်ဦးလည်း အသက်ဆုံးရှုံးသွားကြောင်း သိရသည်။ အာဝါဒီသည်နေအိမ်မှထွက်လာစဉ်လုပ်ကြံခံရခြင်းဖြစ်သည်။

အဆိုပါအထက်တန်းအရာရှိသည် လူမျိုးစုများရေးရာကိစ္စများကို တာဝန်ယူထားရသော အကြီးအကဲတစ်ဦးဖြစ်သည်။ ပြီးခဲ့သောမေလအတွင်းကလည်း အီရတ် အုပ်ချုပ်ရေးကောင်စီဟောင်းမှ အကြီးအကဲဖြစ်သူ အစ်ဇန်ဒင်စာလင်းမှာ ယာဉ်တန်းဖြင့် လိုက်ပါစဉ် ကားဗုံးခွဲတိုက်ခိုက်ခံခဲ့ရသည့်အတွက် သေဆုံးသွားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဘဂ္ဂဒက်အစိမ်းရောင်နယ်မြေတွင် ပေါက်ကွဲသံကြီးကြားရ

ဘဂ္ဂဒက် ဇူလိုင် ၂၇

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အင်္ဂါနေ့ စောစောပိုင်းက ပေါက်ကွဲသံကြီးတစ်ခုထွက်ပေါ်လာရာတစ်မြို့လုံး တုန်ဟည်းသွားသည်။ ပေါက်ကွဲသံမှာ အီရတ်ကြားဖြတ်အစိုးရရုံးနှင့် အမေရိကန်သံရုံးများရုံးစိုက်ရာ အစိမ်းရောင်နယ်မြေ ဒေသဘက်ဆီမှဖြစ်ကြောင်း သိရသည်။ ထိုနယ်မြေသည်ပြောက်ကျားများ၏ အကြိမ်ကြိမ် တိုက်ခိုက်မှုကို ခံနေရသော နယ်မြေဖြစ်သည်။

မကြာသေးမီ လများအတွင်းက ထိုနယ်မြေအတွင်းသို့ မကြာခဏဆိုသလို စိန်ပြောင်းဖြင့် ပစ်ခတ်ခြင်းခံခဲ့ရသည်။ ထို့အပြင် အစိမ်းရောင်နယ်မြေဝင်းအတွင်း ဝင်ခွင့်ရရေးအတွက်ဂိတ်ပေါက်ပြင်ပ၌ စစ်ဆေးခံရန် စောင့်ဆိုင်းနေကြသောကားတန်းကိုလည်း အကြိမ်ကြိမ် အသေခံကားဗုံးခွဲ တိုက်ခိုက်မှုများနှင့် ကြုံတွေ့ခဲ့ကြရသည်။

အမ်အင်အေ၊ရိုက်တာ။

အိန္ဒိယ ဓားစာခံများ လွှတ်မြောက်ရေး ဆွေးနွေး

နယူးဒေလီ ဇူလိုင် ၂၇

အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ် အဖမ်းခံထားရသည့် အိန္ဒိယနိုင်ငံသားသုံးဦး လွတ်မြောက်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများမှာ တိုးတက်ကြောင်း၊ အဆိုပါဓားစာခံများမှာလည်း လုံခြုံမှုရှိပြီး ဘေးမသီရန်မခရှိနေကြောင်း ၎င်းတို့၏ လုပ်ငန်းရှင်ဖြစ်သည့် ကူဝိတ်ကုမ္ပဏီက အိန္ဒိယအစိုးရထံသို့ တနင်္လာနေ့က အကြောင်းကြားလိုက်သည်။

အတိမ်းအစောင်းမခံ

မိမိတို့သည် မီဒီယာသတင်းဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုကို ရှာကြံရမည်ဖြစ်ကြောင်း၊ အပြစ်မဲ့ပြည်သူများ၏ အသက်နှင့်စပ်လျဉ်းနေသည့် အတိမ်းအစောင်းမခံသော ပြဿနာတစ်ရပ်ဖြစ်ကြောင်း ပြည်ပရေးရာဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူမက်တယ်ဆာနာက သတင်းထောက်များအား ပြောကြားသည်။

အဆိုပါအိန္ဒိယဓားစာခံများနှင့် ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးမှုများ ကောင်းမွန်ပြီး ဆုံးဖြတ်ချက် စောစီးစွာချမှတ်နိုင်မည်ဟု မျှော်လင့်ရကြောင်း၊ ဓားစာခံများလုံခြုံပြီး ဘေးမသီရန်မခရှိနေကြောင်း ကူဝိတ်နှင့် ပင်လယ်ကွေ့ပို့ဆောင်ရေးကုမ္ပဏီ (ကေဂျီအယ်လ်)က မိမိတို့အား အကြောင်းကြားခဲ့ကြောင်းဖြင့် အိန္ဒိယအစိုးရက ပြောကြားသည်။ ပြန်ပေးသမားများက ရက်သတ်မှတ်ချက် တိုးမြှင့်ထားကြောင်း ကေဂျီအယ်လ်ကုမ္ပဏီက အတည်ပြုပြောကြားသည်။ လူသိထင်ရှားမရှိသေးသည့် အလံနက်အမည်ရှိ အုပ်စုက အိန္ဒိယနိုင်ငံသားများ၊ အီဂျစ်နိုင်ငံသားသုံးဦးနှင့် ကင်ညာနိုင်ငံသားတစ်ဦးတို့ကို ဗုဒ္ဓဟူးနေ့က ပြန်ပေးဆွဲခဲ့ပြီး ကေဂျီအယ်လ်ကုမ္ပဏီက အီရတ်နိုင်ငံတွင် လုပ်ကိုင်နေသည့် လုပ်ငန်းများအား စနေနေ့ ၂နာရီခွဲတွင် ရုပ်သိမ်းသွားရန် ကနဦးက တောင်းဆိုခဲ့သည်။

ဆက်သွယ်မှုရှိ

ထိုနောက်ပိုင်း ၎င်းအုပ်စုက နောက်ထပ် ၄၈နာရီ အချိန်တိုးပေးခဲ့သည်။

ညှိနှိုင်းဆွေးနွေးမှုများကို ကူဝိတ်ကုမ္ပဏီက သို့တည်းမဟုတ် အခြားကုမ္ပဏီများက ပြုလုပ်ခြင်း ရှိ၊ မရှိ မေးမြန်းရာ ပြောရေးဆိုခွင့်ရှိသူဆာနာက ၎င်းတို့အနေဖြင့် လူမျိုးစုနှင့် ဆက်သွယ်မှုပြုလုပ်ကာ ထိတွေ့မှုရှိနေကြောင်း၊ မိမိအနေဖြင့် ဝေဖန်မှုအနည်းငယ်သာဝေဖန်ပြောကြားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ပြန်ပေးသမားများက အိန္ဒိယအစိုးရအား တိုက်ခိုက်မှုမပြုရန်နှင့် ဘာသာရေးခေါင်းဆောင်များအား ကာကွယ်စောင့်ရှောက်ရန် သတိပေးထားသည်။

အမ်အင်အေ၊ပီတီအိုင်။

ဇူလိုင် ၂၅ ရက်က အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် လုံခြုံရေး စောင့်ကြပ်နေသည့် အီရတ် ခုခံတိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြန်ပေးဆွဲခံထားရသော ဂျော်ဒန်နှစ်ဦး ရုပ်ပုံပါ ဗီဒီယိုခွေ အေပီရုပ်မြင်သံကြားဌာနက ရရှိထား

ဘဂ္ဂဒက် ဇူလိုင် ၂၇

ခုခံရေးသမားများက အီရတ်နိုင်ငံရှိ ဂျော်ဒန်နိုင်ငံသားမော်တော်ယာဉ်မောင်း နှစ်ဦးအား ပြန်ပေးဆွဲထားပြီး ကွပ်မျက်ပစ်ရန် ခြိမ်းခြောက်လျက် ရှိကြောင်း အေပီရုပ်မြင်သံကြား သတင်းဌာနက ရရှိထားသည့် ဗီဒီယိုတိပ်ခွေအရ တနင်္လာနေ့က သိရသည်။

ပြောကြား

ဂျော်ဒန်ကုမ္ပဏီ ရာမီအယ်လ်အူစိတ်က အမေရိကန် စစ်ဘက်နှင့် လုပ်ငန်းဆက်လုပ်နေရာမှ မရပ်ဆိုင်းပါက ၇၂ နာရီအတွင်း ၎င်းဓားစာခံများအား သတ်ပစ်ရန် အဆိုပါ ခုခံရေးသမားများက ဗီဒီယိုတိပ်ခွေတွင် ပြောကြားထားသည်။ ခုခံတိုက်ခိုက်ရေးသမားများ၏ တောင်းဆိုချက်များအရ ဖြည့်ဆည်းမှုမရှိပါက ဂျော်ဒန် ကုမ္ပဏီအနေဖြင့် ၎င်းဓားစာခံများအား သတ်ဖြတ်မှုအကျိုးဆက်နှင့် ၎င်းတို့အတွက် ထိုက်သင့်သည့်ပြစ်ဒဏ်ပေးမှုကို ခေါင်းခံရမည် ဖြစ်ကြောင်း မူဂျာဟီဒင်တပ်ဖွဲ့ဟုခေါ်သည့် အဆိုပါ ခုခံတိုက်ခိုက်ရေးအုပ်စုကပြောကြားသည်။

ပြသထား

အဆိုပါ ဓားစာခံနှစ်ဦးက ကြမ်းပြင်ပေါ်ထိုင်နေပြီး မျက်နှာဖုံးစွပ်ထားသည့် လက်နက်ကိုင် အီရတ်ခုခံတိုက်ခိုက်ရေးသမားခြောက်ဦးက ၎င်းတို့နောက်မှ ရပ်နေကာ တစ်ဦးသော ခုခံရေးသမားက ဓားကိုင်ထားပုံကိုဗီဒီယိုတွင် ပြသထားသည်။ ယင်းဓားစာခံနှစ်ဦးမှာ အယ်လ်အတ်ဝမ်နှင့်ဆလာမာဟက်ဆန်တို့ ဖြစ်ကြသည်။ ဖမ်းဆီးထားသူများက ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ပြီး ပြန်ပေးသမား၏ တောင်းဆိုချက်များ လိုက်လျောဖြည့်ဆည်းပေးရန် တိုက်တွန်းကြကြောင်းအဆိုပါ ဓားစာခံနှစ်ဦးက ပြောကြားကြသည်။

ဖမ်းဆီး

အမေရိကန် ဦးဆောင်သော အပေါင်းပါ တပ်ဖွဲ့ဝင်များအပေါ် ဖိအားပေးရန် သို့တည်းမဟုတ် ပြည်ပကုမ္ပဏီများ အီရတ်နိုင်ငံမှ ဖွတ်အတင်းထွက်ခွာစေရန် ကြိုးပမ်းသည့်အနေဖြင့် ပြောက်ကျားများက ပြည်ပနိုင်ငံသား အများအပြားကို ဓားစာခံအဖြစ် ဖမ်းဆီးနေကြသည်။

အမ်အင်အေ၊ ရိုက်တာ။

ကြေးမုံ
The Mirror
နိုင်ငံတကာ
သတင်းများ

တရားမျှတမှုမရှိသည့် ကမ္ဘာ့ကုန်သွယ်ရေး သဘောတူညီမှု ဆင်းရဲသည့် နိုင်ငံများလက်ခံလာရန် ကန်နှင့်အပေါင်းပါတို့ ခြိမ်းခြောက်ဟုဆို

ဂျီနီဗာ ဇူလိုင် ၂၇

တရားမျှတမှု မရှိသော ကမ္ဘာ့ကုန်သွယ်ရေး သဘောတူညီမှုကို ဆင်းရဲသည့်နိုင်ငံများ လက်ခံသဘောတူလာအောင် အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂ(အီးယူ)နှင့် ဂျပန်နိုင်ငံတို့က ကြီးနိုင်ငယ်ညှဉ်း ဆက်ဆံမှုနှင့် ခြိမ်းခြောက်မှုတို့ကို အသုံးချနေကြောင်း နိုင်ငံတကာ အကူအညီပေးရေးနှင့် ဖွံ့ဖြိုးရေးအုပ်စုများက တနင်္လာနေ့တွင် စွပ်စွဲလိုက်သည်။

ယခုရက်သတ္တပတ်တွင် ကုန်သွယ်ရေး သဘောတူညီမှု မရရှိလျှင် အစည်းအဝေး ပြန်မစမီ နှစ်များနှင့်ချီ၍ စောင့်ရမည်ဖြစ်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ညွှန်ကြားရေးမှူးချုပ် ဆူပါချိုင်းက ပြောကြားလိုက်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအား ၎င်းတို့၏ အကျိုးစီးပွားနှင့် ဆန့်ကျင်ပြီး သဘောတူညီချက်တစ်ရပ်ကို လက်ခံလာအောင် အင်အားကြီးနိုင်ငံများက ကြီးနိုင်ငယ်ညှဉ်း ဆက်ဆံမှုနှင့် အကျပ်ကိုင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြောင်းဖြင့် အမေရိကန် လယ်ယာစိုက်ပျိုးရေးနှင့် ကုန်သွယ်ရေး မူဝါဒရေးရာသိပ္ပံမှ အလက်ဇန္ဒြာ စထရစ်နာက ပြောဆိုသည်။

ဆင်းရဲသည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် နိုင်ငံများအနေဖြင့် ဥရောပသမဂ္ဂ(အီးယူ)ကြောင့် ၎င်းတို့၏ ကုန်သွယ်ရေးဆိုင်ရာ အထူးအခွင့်များ ဆုံးရှုံးမည့်အရေး၊ အမေရိကန်နိုင်ငံကြောင့် နှစ်နိုင်ငံ ကုန်သွယ်ရေး သဘောတူစာချုပ်များမှ ပထုတ်ခံရမည့်အရေးနှင့်တကွ ဂျပန်နိုင်ငံကြောင့် ထောက်ပံ့ရေး အစီအစဉ်များ ဆုံးရှုံးမည့်အရေးတို့နှင့် ကြုံတွေ့နေရကြောင်းဖြင့် ဗြိတိန်နိုင်ငံ အခြေစိုက် နိုင်ငံတကာ အကူအညီပေးရေးလုပ်ငန်းအဖွဲ့က သုံးသပ်ကြေညာလိုက်သည်။

မက်လုံးပေး

အင်အားကြီးနိုင်ငံများက လောလောဆယ် သဘောတူညီမှု မူကြမ်းကို ဖွံ့ဖြိုးဆဲနိုင်ငံများက လက်ခံလာအောင် ဖွံ့ဖြိုးဆဲနိုင်ငံအချို့ကို မက်လုံးပေးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်း စိတ်ဝမ်းကွဲသွားရန် ဆောင်ရွက်နေကြောင်းဖြင့်လည်း နိုင်ငံတကာ အကူအညီပေးရေးလုပ်ငန်းအဖွဲ့မှ စည်းရုံးလှုပ်ရှားသူ ဟူဆာပေယီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

ပြန်ပေးဆွဲခံရသည့် အီဂျစ်သံတမန် ပြန်လည် လွတ်မြောက်လာ

ဘဂ္ဂဒက် ဇူလိုင် ၂၇

ဖမ်းဆီးသွားသူများက မိမိအားပြန်လည်လွှတ်ပေးလိုက်ပြီး ဘဂ္ဂဒက်မြို့တော်ရှိ အီဂျစ်သံရုံးသို့ ဘေးမသီရန်မခ ရောက်ရှိလာကြောင်း အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် ရက်သတ္တပတ်က ပြန်ပေးဆွဲခံခဲ့ရသည့် အီဂျစ်နိုင်ငံသား သံတမန်တစ်ဦးကပြောကြားသည်။

မည်သည့်အပေးအယူမှ မပြုလုပ်ခဲ့ကြောင်း အီဂျစ်သံတမန်ဖြစ်သူ မိုဟာမက်မန်ဒူကတ်က ရိုက်တာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားသည်။

ကန့်ကွက်

အီရတ်ဝန်ကြီးချုပ် အာလာဝီက အီဂျစ်နိုင်ငံသို့ အလည်အပတ် သွားရောက်ခဲ့သည့် ကိစ္စကို ကန့်ကွက်သည့်အနေဖြင့် မိမိအား ပြန်ပေးဆွဲခြင်းဖြစ်ကြောင်း အဆိုပါသံတမန်က ပြောကြားသည်။ ၎င်းသည် သံရုံးတတိယအတွင်းဝန်တစ်ဦးဖြစ်သည်။

အီဂျစ်အစိုးရက အီရတ်ဝန်ကြီးချုပ်အား လက်ခံတွေ့ဆုံမှုကို ကန့်ကွက်သည့်အနေဖြင့် ၎င်းတို့က မိမိအား ပြန်ပေးဆွဲခြင်းဖြစ်ကြောင်း၊ ယခုအခါ ကန့်ကွက်မှုကို ပြသခဲ့ပြီးဖြစ်သဖြင့် မိမိအား ပြန်လွှတ်ပေးလိုက်ကြောင်း မိုဟာမက်မန်ဒူကတ်က ဆက်လက်ပြောကြားသည်။

မိုဟာမက်က ၎င်းသည် ကျန်းမာပြီး ပြန်ပေးသမားများက ကောင်းမွန်စွာ ဆက်ဆံကြကြောင်း ပြောကြားသည်။

ပထမဆုံးအကြိမ်

၎င်းသည် သောကြာနေ့က အဖမ်းခံခဲ့ရခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်သည် အီရတ်နိုင်ငံတွင် သံတမန်တစ်ဦးအား ပထမဆုံး အကြိမ်အဖြစ် ပြန်ပေးဆွဲမှုဖြစ်သည်။

မိမိတို့အနေဖြင့် မိုဟာမက်လွတ်မြောက်ရေးအတွက် ဆက်သွယ်မှုပြုလုပ်ခဲ့ကြောင်း၊ ၎င်းသည် လက်ရှိရာထူးဖြင့် ဘဂ္ဂဒက်တွင် ဆက်လက်နေထိုင်မည်ဖြစ်ကြောင်း ကိုင်ရိုရှိ အီဂျစ်နိုင်ငံခြားရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် အမေရိကန်ပြည်ထောင်စု ဘော်စတွန်မြို့တွင် ဆန္ဒပြတောင်းဆိုနေသူများကို ဇူလိုင် ၂၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်ဆယ်ကျော်သက် ၅၈ဦးကို ကန်တပ်ဖွဲ့က ထိန်းသိမ်းထား

ဘာလင် ဇူလိုင် ၂၇

အမေရိကန်ကြည်းတပ်က အီရတ်လူမျိုး ဆယ်ကျော်သက်ရွယ်များအား အီရတ်နိုင်ငံရှိ အကျဉ်းထောင်များတွင် ထိန်းသိမ်းထားကြောင်း ပထမဆုံးအကြိမ်အဖြစ် ဝန်ခံပြောကြားကြောင်းဖြင့် ဂျာမန်သတင်းတစ်ရပ်အရ သိရသည်။

အမေရိကန်စစ်ဘက်က အသက် ၁၄နှစ်အရွယ်မှ ၁၇နှစ်အရွယ်အတွင်းရှိ ဆယ်ကျော်သက် အီရတ်နိုင်ငံသား ၅၈ ဦးကို ယခုထက်တိုင် အကျဉ်းချထားကြောင်း အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ၏ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဘာရီဂျွန်ဆင်အား ကိုးကား၍ အေအာရ်ဒီ ရုပ်မြင်သံကြားဌာနက ဖော်ပြလိုက်သည်။

အီရတ်နိုင်ငံသား ဆယ်ကျော်သက်များကို အဘူဂါရိပ်အကျဉ်းထောင်နှင့် ဘက်ကာအကျဉ်းစခန်းတို့တွင် ထိန်းသိမ်းထားပြီး ၎င်းတို့အား ပျမ်းမျှအားဖြင့် ခြောက်လခန့် အကျဉ်းချထားရန် အမိန့်ချမှတ်ထားကြောင်း ဘာရီဂျွန်ဆင်က ပြောကြားသည်။

ဘာရီဂျွန်ဆင်က ယင်းဆယ်ကျော်သက်များ နှိပ်စက်ညှဉ်းပန်းခံရသည့် သတင်းများ မဟုတ်မမှန်ကြောင်း ငြင်းဆိုထားပြီး ယင်းကဲ့သို့သော ညှဉ်းပန်းမှု သတင်းများ ပေါ်ထွက်လာပါက စီမံခန့်ခွဲမှု ညံ့ဖျင်းမှုနှင့် စပ်လျဉ်း၍ တိုင်ကြားချက်များအပေါ် အမေရိကန်အာဏာပိုင်များက လေ့လာစူးစမ်းမည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့သည်။

အမေရိကန် တပ်ဖွဲ့ဝင်များက အီရတ်ဆယ်ကျော်သက်များကို အီရတ်သိမ်းပိုက်ရေး တပ်ဖွဲ့ဝင်များအား ဆန့်ကျင်မှုဖြင့် ဖမ်းဆီးထိန်းသိမ်းထားခြင်းဖြစ်ပြီး ၎င်းတို့အား နှိပ်စက်ညှဉ်းပန်းခဲ့သည်ဟု အဆိုပါရုပ်မြင်သံကြားဌာနက နိုင်ငံတကာကြက်ခြေနီအဖွဲ့နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့အား ကိုးကား၍ ဖော်ပြသည်။

ထိုစဉ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်ဆယ်ကျော်သက်များအား နှိပ်စက်ညှဉ်းပန်းသည့် စွပ်စွဲမှုများအား လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တိုက်တွန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇူလိုင် ၂၀ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက် ရေနံဝန်ကြီးရုံး စိန်ပြောင်းဖြင့် ပစ်ခတ်ခံရ

ဘဂ္ဂဒက် ဇူလိုင် ၂၇

ပြီးခဲ့သော တနင်္လာနေ့နံနက် ရုံးတက်ချိန်တွင် ဘဂ္ဂဒက်မြို့လယ်၌ ကားဗုံးတစ်လုံး ပေါက်ကွဲခဲ့ပြီး စိန်ပြောင်းဟု ယူဆရသော ဗုံးသီးသုံးလုံးလည်း ပေါက်ကွဲခဲ့သည်။ ထိုပစ်ခတ်မှုများကြောင့် အီရတ်ပညာရေးဝန်ကြီးဌာနနှင့် ရေနံဝန်ကြီးဌာနဝင်းများကို ထိမှန်ခံခဲ့ရသည်ဟု ရဲတပ်ဖွဲ့မှလာသော သတင်းများအရ သိရသည်။ လတ်တလော အခြေအနေတွင် အထိအခိုက်သတင်း မရရှိသေးပေ။

တံတားအနီး၌ ပေါက်ကွဲ

ကားဗုံးတစ်လုံးသည် နံနက် ၈ နာရီခန့်တွင် ဆာရာဖီရာ တံတားအနီး၌ ပေါက်ကွဲခဲ့သည်။ ထိုနေရာသည် အီရတ်ရဲတပ်ဖွဲ့ဝင်များ မကြာခဏ ကင်းလှည့်ရာနေရာဖြစ်သည်။ ရဲတပ်ဖွဲ့မှလာသော သတင်းအရ ဒဏ်ရာရရှိမှုသတင်း ကြားသိရခြင်းမရှိဟု ဆိုသည်။

ကားဗုံးကို ဖောက်ခွဲသူသည် ကားကို တံတားအောက်၌ ရပ်ခဲ့ပြီးနောက် နေရာမှ ထွက်ခွာသွားသည်ကို မြင်တွေ့လိုက်ရကြောင်း မျက်မြင်တွေ့လိုက်ရသူများက ပြောကြားကြသည်။

လွဲချော်

တစ်ချိန်တည်းလိုလိုမှာပင် စိန်ပြောင်းဟု ယူဆရသော ဗုံးသီးနှစ်လုံးသည် အီရတ်ပညာရေးဝန်ကြီးရုံးနှင့် ရေနံဝန်ကြီးရုံးများကို လွဲချော်သွားပြီး အသုံးမပြုဘဲထားသည့် မြေကွက်လပ်အတွင်းသို့ ကျရောက်ပေါက်ကွဲသွားသည်။

ထိခိုက်ခြင်းမရှိ

တတိယ ဗုံးသီးမှာလည်း ပစ်မှတ်ကို ထိမှန်ခြင်းမရှိဘဲ မြေကွက်လပ်မှာပင် ကျရောက်ပေါက်ကွဲခဲ့ပြီး ထိုပစ်ခတ်တိုက်ခိုက်မှုများကြောင့် တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာရခြင်းမရှိဟု မျက်မြင်တွေ့သူများက ပြောကြားကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်မြင်ကွင်း

ပျက်စီး

အီရတ်နိုင်ငံ ရာမာဒီမြို့တွင် တိုက်ပွဲဖြစ်ပွားပြီးနောက် ပျက်စီးနေသည့် နေအိမ်များနှင့် ဆိုင်ခန်းများကို ဇူလိုင် ၂၂ ရက်က မြင်တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြည့်ရှုစစ်ဆေး

ဇူလိုင်၂၁ ရက်က အီရတ်နိုင်ငံမြောက်ပိုင်း ဆမ်မာရာမြို့တွင် အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် နေအိမ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရှင်းလင်း

ဇူလိုင် ၂၆ ရက်က ဘဂ္ဂဒက်မြို့ အီရတ်ရဲစခန်းတစ်ခုအနီး၌ စိန်ပြောင်းကျည် ထိမှန်ခံရသည့် နေအိမ်တစ်လုံးအတွင်းမှ အပျက်အစီးများကို အီရတ်အမျိုးသမီးတစ်ဦး ရှင်းလင်းနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇူလိုင် ၂၆ ရက်က မိုဆူးလ်မြို့ရှိ အမေရိကန် စစ်အခြေစိုက်စခန်းအနီး၌ အသေခံကား ဗုံးပေါက်ကွဲမှုကြောင့် အပျက်အစီးများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇူလိုင် ၂၆ ရက်က ဘဂ္ဂဒက်မြို့အရှေ့ပိုင်း၌ စိန်ပြောင်းကျည်ကျရောက် ပေါက်ကွဲရာနေရာကို ကြည့်ရှု စစ်ဆေးနေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)။

နှစ်သိမ့်အားပေး

ဇူလိုင် ၂၂ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သူ အီရတ်အမျိုးသမီးတစ်ဦးကို အစ်ကိုဖြစ်သူက နှစ်သိမ့်အားပေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကျေးလက်စီးပွားမြင့်မားရေး စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေး

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ရွှေလောင်းကန်ရွာ အနီး တည် ဆောက် ထား သော နန်ကသူရေလှောင်တမံကို တွေ့ရစဉ်။
(ဓာတ်ပုံ-ကြေးမုံ)

မန္တလေးတိုင်း ဆီမီးခုံမြစ်ရေတင် စီမံကိန်းမှ စိုက်ပျိုးရေပေးဝေလျက် ရှိနေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-သတင်းစဉ်)

စစ်ကိုင်းတိုင်းအတွင်း စိုက်ပျိုးရေရရှိရေးအတွက် တည်ဆောက်ပေးထားသည့် လက်ပံဆည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-ကြေးမုံ)



ကျုံ့ထော်ရေထိန်းတံခါး

ရေနက်ကွင်းဧက ၂၂၀၀၀ကျော်ကို အကျိုးပြုလျက်ရှိသော မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံ့ထော်ရေထိန်းတံခါးကိုတွေ့ရစဉ်။ (ဓာတ်ပုံ-ကြေးမုံ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မွန်ပြည်နယ် ကျိုက်မရောမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများဖွင့်ပွဲ အပြီးတွင် မာလ်တီမီဒီယာစာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရောဝတီမြစ်ကြောင်းရှိ မြို့နယ်အချို့ရေ...
ပြည်သူအများ သတိပြု ကြိုတင်ပြင်ဆင်ကာ...

ရန်ကုန် ဇူလိုင် ၂၉

၂၀၀၄ ခုနှစ် မိုးဦးကြိုကာလ ဧပြီလကတည်းက မြန်မာနိုင်ငံမြောက်ဖျားဒေသ၌ မိုးများစတင်ရွာသွန်းခဲ့... မိုးကောင်းခဲ့သည်။ ဇူလိုင်ပထမပတ်မှစတင်၍ မြန်မာနိုင်ငံမြောက်ဖျား၊ ရောဝတီမြစ်၏မြစ်ဖျား ရေဝေရေလဲဒေ... ရွာသွန်းခဲ့မှုကြောင့် ဧရာဝတီမြစ် အထက်ပိုင်းဒေသ၌ မြစ်ရေမြင့်တက်မှု ဖြစ်ပွားခဲ့သည်။

ကယ်ဆယ်ရေးဆောင်ရွက်

ယင်းသို့ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ် ချီဖွေနှင့် ပန်ဝါတို့၌ မြေပြိုမှုအချို့နှင့်လမ်းပျက်စီးမှုအချို့ဖြစ်ပွားခဲ့ပြီး ဇူလိုင် တတိယပတ်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဗန်းမော်မြို့တို့၌ ဧရာဝတီမြစ်ရေသည် သတ်မှတ်ထားသော စိုးရိမ်ရေမှတ်အထက် ကျော်လွန်၍ မြစ်ရေမြင့်တက်မှုများဖြစ်ပွားခဲ့သည်။ ဇူလိုင် ၁၉ရက် မြစ်ကြီးနားမြို့၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်ထက် ၆၇စင်တီမီတာကျော်လွန်မြင့်တက်ခဲ့ပြီးမြို့တွင်းသို့ရေများဝင်ရောက်ခဲ့သည်။ ရေဘေးသင့်မှုဖြစ်ပွားလျှင်ဖြစ်ပွားချင်း ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးသင့်ရပ်ကွ... ကျေးရွာများသို့ ချက်ချင်းသွားရေ... ၍ ယာယီကယ်ဆယ်ရေးစခန်း... ကျန်းမာရေးစောင့်ရှောက်မှုစခန်း... ဖွင့်လှစ်ပြီးကယ်ဆယ်ရေးလုပ်ငန်း... ကို ဆောင်ရွက်ခဲ့ကြသည်။ ... အသေအပျောက်မရှိကြောင်းနှင့် ... စိုက်ခင်း အချို့နှင့် အိုးအိမ်ပစ္စည်း... ပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်း ... သည်။

ကြည့်ရှုအားပေးခဲ့

နိုင်ငံတော် အေးချမ်းသာယာ... နှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး... ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်... အဖွဲ့ဝင်များနှင့်အတူ သဘာဝ ... အန္တရာယ် တစ်ခုဖြစ်သော မြ... ကြီးမြင့်မှုကြောင့်ရေဘေးသင့်မှုကြုံ... ခဲ့ရသော မြစ်ကြီးနားမြို့သို့ ဇူ... ၂၄ရက်တွင် သွားရောက်ခဲ့ပြီး ... ဆယ်ရေး လုပ်ငန်းများကို ဒေ... တာဝန်ရှိသူများနှင့်အတူ ကိုယ်... ကိုယ်ကြပ် ဆောင်ရွက်ပေးခဲ့သ... အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်... သိန်းစိန်နှင့်အဖွဲ့ဝင်များသည် ရေ...

● နိုင်ငံတော်မှ

...သူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူ...များ တက်ရောက်ကြသည်။

အစီအစဉ်အရ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ...ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြား...ရေးမှူး(စီမံ)ဒေါက်တာဝင်းမြင့်တို့က စိတ်ကျန်းမာရေးနှင့် မူးယစ်ဆေးစွဲကုသ...ဌာန အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ...ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စိတ်ကျန်းမာရေးနှင့်မူးယစ်ဆေးစွဲကုသဌာန ...မှတ်တမ်းကျောက်စာကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အဆောက်အအုံသစ်...အတွင်းရှိ ရုံးခန်း၊ လူနာဆောင်များ၊ ထမင်းစားခန်း၊ နှစ်သိမ့်ပညာပေးဆွေးနွေး...ခန်း (Counselling Room) နှင့် အခယူလူနာခန်းများကိုလည်းကောင်း ...လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက စိတ်ကျန်းမာရေးနှင့်မူးယစ်...ဆေးစွဲကုသဌာနမှ ကျန်းမာရေးဝန်ထမ်းများအား လူနာများကို မိမိတို့၏ ...သွေးသားရင်းပမာ စေတနာထား ပြုစုစောင့်ရှောက်ကုသရေး၊ ကျန်းမာရေး...ဝန်ကြီးဌာန၏ ရည်မှန်းချက်များ အောင်မြင်အောင် မိမိတာဝန်ကိုအထူးသဖြင့် ...ကျေပွန်စွာထမ်းဆောင်ကြရေးတို့ကို မှာကြားသည်။

မာလ်တီမီဒီယာခန်းများဖွင့်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ...ကျိုက်မရောမြို့သို့ရောက်ရှိပြီး နံနက် ၉ နာရီတွင် ကျိုက်မရောမြို့ အခြေခံ...ပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ ...တက်ရောက်ကြသည်။

ရှေးဦးစွာ ကျိုက်မရောမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီ...မီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားပထမပိုင်းအစီအစဉ်ကို ကျောင်းရှေ့...မျက်နှာစာ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးဒေါ်ချစ်ချစ်ကြည်နှင့် ကျောင်း...အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကံသိန်းတို့က မာလ်တီမီဒီယာစာသင်...ခန်းများကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကျိုက်မရောမြို့ အခြေခံပညာ...အထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနား...ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မာလ်တီမီဒီယာ စာသင်...ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကျောင်းသား၊ ကျောင်းသူ...များအား ခေတ်မီနည်းပညာများကို အီလက်ထရောနစ် သင်ထောက်ကူပစ္စည်း...များဖြင့် ဆည်းပူးခွင့်ရရှိချိန်တွင် စနစ်တကျကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်...အောင်သင်ယူဆည်းပူးကြရေး၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း...များတွင် အဓိကစွမ်းဆောင်နိုင်သော နည်းပညာရပ်များကို မဖြစ်မနေ...တတ်မြောက်ကျွမ်းကျင်အောင် ကြိုးစားသင်ယူကြ၍ နိုင်ငံတော်ကို အလုပ်...အကျွေးပြုရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ အမြဲရှင်သန်...တက်ကြွအောင် မွေးမြူထိန်းသိမ်းရေးတို့ကိုလည်းကောင်း၊ ဆရာ၊ ဆရာမများ...ကလည်း ခေတ်မီနည်းပညာရပ်များဖြင့် သင်ကြားပြသနိုင်ရန် မိမိတို့ကိုယ်တိုင် ...ကျွမ်းကျင်တတ်မြောက်အောင် လေ့လာဆည်းပူးကြရေး၊ တပည့်များအား ...ထူးချွန်ထက်မြက်၊ ပညာရည်မြင့်မားသည်ထက်မြင့်မားအောင် သင်ကြား...လေ့ကျင့်ပျိုးထောင်ပေးရေးတို့ကိုလည်းကောင်းမှာကြားသည်။

ဆက်လက်၍ မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနား ဒုတိယ...ပိုင်းအစီအစဉ်ကို ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ...ဂီတအနုသုခုမ အဆို၊ အကတို့ဖြင့် စွမ်းရည်ပြ တင်ဆက်ဖျော်ဖြေကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက မာလ်တီမီဒီယာ စာသင်ခန်းများ ...အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ ကျောင်းအကျိုးတော်...ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကံသိန်းက မာလ်တီမီဒီယာ စာသင်ခန်းများပေါ်ပေါက်စေ...ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေများကို လည်းကောင်း ...ရှင်းလင်းတင်ပြကြသည်။

ပေးအပ်

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မာလ်တီမီဒီယာ သင်ထောက်ကူ...ပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားသည်။ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ကျိုက်မရောမြို့ ကျိုက်မရော ဆုတောင်းပြည့်ဘုရားကြီးသို့ ရောက်ရှိ၍ ဖူးမြော်ကြည်ညိုပြီး ကျိုက်မရောဆုတောင်းပြည့်ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ထားသော ဩဝါဒပါတိမောက်ကျောက်စာတိုင်၊ ဂန္ဓကုဋိတိုက် မျက်နှာကြက်တော်နှင့် ဂန္ဓကုဋိတိုက်တော်၊ ကျိုက်မရောဗုဒ္ဓရုပ်ပွားတော် ကျောင်းတော်ကြီးနှင့် ဘုရားပရိဝုဏ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကျိုက်မရောဆုတောင်းပြည့်ဘုရားကြီး ထာဝရတည်တံ့ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သာသနာနှင့် စပ်လျဉ်းသည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မြိတ်လမ်း ကားလမ်း မိုင်တိုင်အမှတ်(၂၂)နှင့် (၂၃)ကြား တံခွန်တိုင်ကျေးရွာရှိ မော်လမြိုင်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ မော်လမြိုင်-မုဒုံ-သံဖြူဇရပ်-ရေး-မလွဲတောင် လမ်းပိုင်းတိုးချဲ့ပြုပြင်ရေးလုပ်ငန်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ခရိုင် အင်ဂျင်နီယာမှူးက ရန်ကုန်-မြိတ်ကားလမ်းတွင် မော်လမြိုင်ခရိုင်လမ်းပိုင်းဖြစ်သည့် မော်လမြိုင်-မုဒုံ-သံဖြူဇရပ်-ရေး-မလွဲတောင်(မိုင်တိုင် ၂/၆ မှ ၁၁၅/၄ ထိ) ၁၁၂ မိုင် ခြောက်ဖာလုံအတွက် လမ်းတိုးချဲ့ခြင်း၊ ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ မော်လမြိုင်မှ မုဒုံအထိလမ်းပိုင်းတွင် လမ်းတိုးချဲ့ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မွန်ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသော်ကနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) မှ အင်ဂျင်နီယာချုပ် ဦးကျော်တင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လုပ်ငန်းပိုင်းဆိုင်ရာတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရန်ကုန်-မြိတ်လမ်း၊ မုဒုံ-သံဖြူဇရပ်လမ်းပိုင်း တစ်လျှောက် ယန္တရားဖြင့် လမ်းတိုးချဲ့ကျောက်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို မှာကြားသည်။

လမ်းတံတားများစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မုဒုံ-သံဖြူဇရပ်လမ်း တစ်လျှောက်ရှိ လမ်းနှင့်တံတားများအခြေအနေ၊ လမ်းဘေးဝဲ/ယာရှိ မိုးစပါးစိုက်ကွင်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မုဒုံ-သံဖြူဇရပ်လမ်းတစ်လျှောက် ရော်ဘာစိုက်ခင်းများအတွင်း ကြားသီးနှံစိုက်ခင်းများစိုက်ပျိုးထားရှိသည်များအနက် မုဒုံမြို့နယ်ဖယ်ဒိုကျေးရွာမှ ခြံရှင် ဦးချဲ၏ ငါးဧကရှိ ရော်ဘာပင်အကြား ကြားသီးနှံများဖြစ်သော ခဝဲ၊ ရွှေဖရုံ၊ ပိန်းဥ၊ ကြက်ဟင်းခါး၊ သခွားနှင့် ခရမ်းပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မုဒုံ-သံဖြူဇရပ်လမ်း တစ်လျှောက်ရှိ လမ်း/တံတားများ၊ မိုးစပါးနှင့် ရော်ဘာစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီခွဲတွင် သံဖြူဇရပ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို ကျောင်းရှေ့ဥယျာဉ်၌ ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးစိုးနိုင်က မာလ်တီမီဒီယာ စာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မွန်ပြည်နယ် သံဖြူဇရပ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မာလ်တီမီဒီယာ စာသင်ခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ သင်ယူဆည်းပူးနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သံဖြူဇရပ်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအတွက် မာလ်တီမီဒီယာ အထောက်အကူပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးထံပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ညနေ ၆နာရီတွင် ရေးမြို့နယ်ကျောင်းရွာတိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး လူနာခန်း၊ ခွဲစိတ်ခန်း၊ အထူးလူနာခန်း၊ သားဖွားခန်း၊ ဓာတ်ခွဲခန်းနှင့် အမျိုးသမီးလူနာကုသဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆေးကုသမှုခံယူနေကြသူများအား ရင်းရင်းနှီးနှီးအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်... ဆေးရုံဆေးပဒေသာပင်အတွက် ... ဆောင်ဆောက်လုပ်ရေးအတွက် ... တိုက်နယ်ဆရာဝန် ဒေါက်တာ...

ယင်းနောက် ဒုတိယဗိုလ်... ပညာအထက်တန်း(ကျောင်းခွဲ)သို့... က ရေအခက်အခဲရှိ၍ စက်ရေတ... မှုဖြင့် တူးဖော်ပြီးစီးအသုံးပြုနေ... လည်းကောင်း၊ တည်ဆောက်ဆဲ... သစ်ဆောက်လုပ်ထားမှုအခြေအ... ကျောင်းရွာ၏ လိုအပ်ချက်အခြေ... ဘိလပ်မြေအတွက် တိုင်းမှူး ... ၁၀၀ကိုပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်... ရေးအတွက် တာဝန်ရှိသူများနှ... ဆောင်ရွက်ကြရေးမှာကြားကာ ...

မွန်ပြည်နယ် အေးချမ်း... အရှေ့တောင်တိုင်းစစ်ဌာနချုပ်... ရေးဦးစီးဌာနညွှန်ကြားရေးမှူး(စီ... အထွေထွေရောဂါကုဆေးရုံကြီး... ကုသဌာန အဆောက်အအုံသ...

ယ်အချို့ရေဘေးကြုံတွေ့ခဲ့ရ
င်ပြင်ဆင်ကာကွယ်ရန် လိုအပ်

လိုင် ၂၉

းဒေသ၌ မိုးများစတင်ရွာသွန်းခဲ့ပြီး ယခင်နှစ်များကထက် မိုးဦးကာလတွင် တီမြစ်၏မြစ်ဖျား ရေဝေရေလဲဒေသများတွင် မိုးသည်းထန်စွာ အဆက်မပြတ် စ်ပွားခဲ့သည်။

ဝန်ထမ်းများက ရေဘေးသင့်ရပ်ကွက်၊ ကျေးရွာများသို့ ချက်ချင်းသွားရောက်၍ ယာယီကယ်ဆယ်ရေးစခန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုစခန်းများ ဖွင့်လှစ်ပြီးကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ လူအသေအပျောက်မရှိကြောင်းနှင့် စပါးစိုက်ခင်း အချို့နှင့် အိုးအိမ်ပစ္စည်းအချို့ ပျက်စီးဆုံးရှုံးမှုရှိခဲ့ကြောင်း သိရသည်။

ကြည့်ရှုအားပေးခဲ့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ သဘာဝ ဘေးအန္တရာယ် တစ်ခုဖြစ်သော မြစ်ရေကြီးမြင့်မှုကြောင့်ရေဘေးသင့်မှုကြုံတွေ့ခဲ့ရသော မြစ်ကြီးနားမြို့သို့ ဇူလိုင် ၂၄ရက်တွင် သွားရောက်ခဲ့ပြီး ကယ်ဆယ်ရေး လုပ်ငန်းများကို ဒေသခံ တာဝန်ရှိသူများနှင့်အတူ ကိုယ်တိုင်ကိုယ်ကြပ် ဆောင်ရွက်ပေးခဲ့သည်။ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များသည် ရေဘေးသင့် ရပ်ကွက်၊ ကျေးရွာများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ယာယီကယ်ဆယ်ရေး စခန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှုစခန်းများ၌ ရေဘေးသင့်သူများအားရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောခြင်း၊ စေတနာရှင်များက လှူဒါန်းသော ရေဘေးအထောက်အပံ့ ငွေကြေးနှင့် ပစ္စည်းများ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ပျက်စီးသွားသော လယ်ယာစိုက်ခင်းများအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေး၊ မြစ်ကမ်းရေတိုက်စားမှုကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများစီမံဆောင်ရွက်မှု ပိုမိုမြင့်တင်ဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု နည်းပါးရေးအတွက် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု မရှိအောင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

မန္တလေး

မြန်မာနိုင်ငံ မြောက်ဖျားဒေသ၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြင့်တက်ခဲ့သော ဧရာဝတီမြစ်ရေသည် အောက်ဘက်သို့ ဆက်လက်စီးဆင်းခဲ့ရာ မန္တလေးမြို့၌လည်း ဧရာဝတီမြစ်ရေ မြင့်တက်မှု ဖြစ်ပွားခဲ့သည်။ ဧရာဝတီမြစ်ရေသည် ဇူလိုင် ၂၅ရက်တွင် မန္တလေးမြို့၌ သတ်မှတ်စိုးရိမ်ရေမှတ် ၁၂၆၀စင်တီမီတာ အထက် ကျော်လွန်၍ ၁၉၇၄ခုနှစ်က အမြင့်ဆုံးရောက်ခဲ့သော ၁၃၄၃စင်တီမီတာသို့ ရောက်ရှိခဲ့သည်။ ဇူလိုင်၂၇ရက်တွင် ၁၃၈၂စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး ယင်းနေ့ညသာ၁နာရီမှစ၍ မြစ်ရေတဖြည်းဖြည်း ပြန်ကျသွားခဲ့သည်။ ယင်းသို့ မြစ်ရေမြင့်တက်ခဲ့သော်လည်း မန္တလေးမြို့ ကမ်းနားလမ်း တစ်လျှောက်တွင် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ရေကျော် ရေလွှမ်းမှု မဖြစ်ရအောင် သဲအိတ်များ၊ကာကွယ်ရေးပစ္စည်းများ အသင့်ဆောင်၍ နေ့ညမပြတ် ရေကင်း တာဝန်ယူဆောင်ရွက်မှုကြောင့် ကမ်းနားလမ်း အနီးရှိ ရပ်ကွက်အချို့တွင် အနည်းအကျဉ်း ရေစိမ့်ဝင်ရောက်မှုရှိသည်မှအပ ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

မုံရွာမြို့ဘက်တွင်လည်းတပ်မတော်သားများ၊ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရေကင်းစောင့်ခြင်း၊ တာဖို့ပြုပြင်ခြင်းများ ကြိုတင်ဆောင်ရွက် စီမံနိုင်ခဲ့မှုကြောင့် မြစ်ရေမဝင်ခဲ့ကြောင်းသိရသည်။

အမရပူရ

အမရပူရမြို့နယ် တောင်သမန်အင်း ရေတိုးလာသဖြင့် တောင်သမန်အင်းပေါ်ရှိ ဦးပိန်တံတား ကြမ်းခင်းအပေါ် နှစ်ပေခန့်ရေကျော်တက်ခဲ့ပြီး ရေလှိုင်းပုတ်ခတ်မှုဒဏ်ကြောင့် တိုင် ၁၃တိုင် ပြုတ်ထွက်ခဲ့ရာ တာဝန်ရှိသူများက အဆိုပါတိုင်များကို အချိန်မီ ပြန်လည်ဆယ်ယူ၍ ထိန်းသိမ်းထားကာ ရှေးမူလက်ရာအတိုင်း ပြန်လည်ပြုပြင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြင့်တက်ခဲ့သော ဧရာဝတီမြစ်ရေသည် အောက်ပိုင်းသို့ ဆက်လက်ရွေ့လျားလာခဲ့ရာ ဇူလိုင် ၂၈ရက်တွင် ပုဂံ-ညောင်ဦး၊ မကွေးနှင့် မင်းဘူး၌ သတ်မှတ်စိုးရိမ်ရေမှတ် အထက်ရောက်ရှိပြီး မြစ်ရေကြီးမှု ဖြစ်ပွားခဲ့သော်လည်း ရေဘေးစိုးရိမ်ရမှုမရှိခဲ့ပါ။

ဧရာဝတီမြစ်ရေသည် ဇူလိုင် ၂၉ ရက်တွင် အောင်လံမြို့၌ စိုးရိမ်ရေမှတ် ၂၅၅၀စင်တီမီတာအထက် ၆၈စင်တီမီတာ ကျော်လွန်၍ လည်းကောင်း၊ ပြည်မြို့၌ စိုးရိမ်ရေမှတ် ၂၉၀၀စင်တီမီတာအထက် ၄၂စင်တီမီတာ ကျော်လွန်၍လည်းကောင်း၊ ဟင်္သာတမြို့၌ စိုးရိမ်ရေမှတ် ၁၃၄၂စင်တီမီတာအထက် ၇၇စင်တီမီတာ ကျော်လွန်၍ လည်းကောင်း ရောက်ရှိနေကြောင်း သိရသည်။

ကြိုတင်ပြင်ဆင်ကာကွယ်

ယခင်နှစ်များကနှင့်မတူ ယခုနှစ်တွင် မိုးဦးကြိုကာလကတည်းက မိုးကောင်းခဲ့သဖြင့် ဧရာဝတီမြစ်ကဲ့သို့ပင် ချင်းတွင်း၊ စစ်တောင်း၊ သံလွင်မြစ်တို့လည်း မြစ်ရေမြင့်တက်မှုရှိခဲ့သည်။ ဧရာဝတီမြစ်အထက်ပိုင်းမှာ မြစ်ရေ တဖြည်းဖြည်းကျဆင်းလျက်ရှိချိန်တွင် ဧရာဝတီမြစ်အောက်ပိုင်းတစ်လျှောက် မြစ်ရေမြင့်တက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ မြစ်ရေကြီးမှုများကို ပြည်သူများက သတိပြု ကြိုတင်ပြင်ဆင် ကာကွယ်ရန် လိုအပ်သည်။ သတိပေးနှိုးဆော်ချက်များနှင့်အညီ မြစ်ရေကြီးမှု ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်ကလည်း ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိသည်။

(သတင်းစဉ်)

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကျောင်းရွာ တိုက်နယ်ဆေးရုံဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀သိန်း မတည်ငွေနှင့် သံဃာဆောင်ဆောက်လုပ်ရေးအတွက် ငွေကျပ်တစ်သိန်းခွဲတို့ကို ပေးအပ်လှူဒါန်းရာ တိုက်နယ်ဆရာဝန် ဒေါက်တာရဲညွှန့်က လက်ခံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကျောင်းရွာရှိ အခြေခံပညာအထက်တန်း(ကျောင်းခွဲ)သို့သွားရောက်၍ ကျောင်းဝင်းအတွင်း၌ ယခင်နှစ်က ရေအခက်အခဲရှိ၍ စက်ရေတွင်းတူးဖော်ရန်လိုအပ်သည်များကို စီစဉ်ပံ့ပိုးခဲ့မှုဖြင့် တူးဖော်ပြီးစီးအသုံးပြုနေပြီဖြစ်သော စက်ရေတွင်းနှင့် ရေစင်တို့ကိုလည်းကောင်း၊ တည်ဆောက်ဆဲအလျားပေ ၉၀၊ အနံပေ ၃၀ရှိ ကျောင်းဆောင်သစ်ဆောက်လုပ်ထားမှုအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျောင်းရွာ၏ လိုအပ်ချက်အခြေအနေများကို မေးမြန်းရာတွင် လိုအပ်နေသော ဘိလပ်မြေအတွက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဘိလပ်မြေအိတ် ၁၀၀ကိုပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ကျောင်းရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားကာ ရေးမြို့၌ ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူး(စီမံ)ဦးဝင်းမြင့်တို့ မွန်ပြည်နယ် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၏ စိတ်ကျန်းမာရေးနှင့် မူးယစ်ဆေးစွဲကုသဌာန အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ဖြူစင်စိတ်ထား ပြည်သူများအတွက်

* တရားဥပဒေ၊ စိုးမိုးလေမှ
ပြည်(ပြေ)ရွာ အဝှမ်း၊ လွန်အေးချမ်းအံ့
ရွှင်လန်းကြည်ဖြူ များပြည်သူတို့
မပူဘဝ၊ လုံခြုံကြဖို့
မျှတတရား၊ ဥပဒေများနှင့်
ဘေးတားရန်ကာ၊ စောင့်ရှောက်ပါရန်
ဝန်တာရှိထား၊ ဝန်ထမ်းများက
တရားရေးမဏ္ဍိုင်၊ တည့်မတ်ခိုင်အောင်
မယိုင်သတိ၊ အမြဲရှိသင့်။
* ကျင့်ဝတ်သိက္ခာ၊ ပြည့်ဝစွာဖြင့်
ဝဲယာမစောင်း၊ ကိုယ်ကျင့်ကောင်းပြီး
ထပ်လောင်းရှောင်ရှား၊ အဂတိများတည့်
တရားမျှတ၊ မှန်ကန်ကြဖို့
ဒေသဆိုင်ရာ၊ ဌာနတကာတို့
ဝိုင်းကာပူးပေါင်း၊ တရားကြောင်းကို
မစောင်းမယွင်း၊ တည့်မတ်ခြင်းတွက်
ရိုင်းပင်းညီညာ၊ ပူးပေါင်းပါလော့။
* မမှား"ရှေ့နေ" မသေ "ဆေးသမား"
မရှိဘြားဟု၊ စကားပုံတွေ
ရှိခဲ့လေလဲ၊ ရှေ့နေလွဲဘြား
တစ်ချက်မှားကြောင့်၊ ခံစားသူငါ
ဘဝနာမို့၊ တစ်ခါမျှလင့်
မမှားသင့်ဟု၊ စွဲထင့်စိတ်ထား
ချင့်ချိန်ဘြားလော့၊ တရားနတ်စောင့်
မှားမထောင့်အောင်၊ အမှောင့်ပယောဂ
ပယ်လောဘနှင့်၊ ဒေါသ၊ မောဟ
ဘယာ"ပ" ကာ၊စီရင်ပါမှ
သူငါပြည်သူ၊ စိတ်မပူဘဲ
ကြည်ဖြူမျှတ၊ ချမ်းသာကြလိမ့်။
* မှန်ကန်မြန်ဆန်၊ စီရင်ဟန်ဖြင့်
ပြစ်ဒဏ်ပြစ်မှု၊ မျှတပြု၍
ထောက်ရှုချိန်ဆ၊ ဆုံးဖြတ်ကြလော့
မှားစွဆုံးဖြတ်၊ ဓမ္မသတ်ကြောင့်
လားအပ်ဆုံးစွန်၊ တမလွန်တွင်
နစ်နွံဝဋ်ကြွေး၊ ဆပ်ရရေးကို
အလေးတမူ၊ သတိကူ၍
အယူမလွဲ၊ အမှတ်မြဲလော့။
* ပြည်သူ့ဝန်ထမ်း၊ ဘဝလမ်းတွင်
လျှောက်လှမ်းခဲ့ဘြား၊ ပြည်သူ့သားတို့
တရားဥပဒေ၊ အထွေထွေကို
ရေရှည်ကြံ့ခိုင်၊ မယိမ်းယိုင်ရန်
နိုင်ငံသားကောင်း၊ ပီသကြောင်းတွက်
ကောင်းသောအကျင့်၊ သီလမြင့်လျက်
ရှိသင့်သိက္ခာ၊ ဖြောင့်မှန်ကာဖြင့်
ဖြူစွာစိတ်ထား၊ ပြည်သူများတွက်
တရားရေးမဏ္ဍိုင်၊ တည့်မတ်ခိုင်အော
စွမ်းဆောင်ကြိုးပမ်း ကြပါစို့။ ။

ရန်နိုင်ဦး

ဓမ္မစကြာအခါတော်နေ့ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း အမှတ်(၂၂၂) ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် သာသနာ့ဗိမာန်တော်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းနှင့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို (၂၇)ကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)၏ သင်ကြားစီမံ နာယကချုပ် ဆရာတော် အမှူးပြုသော သံဃာတော် ၁၀ပါးနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအား အရုဏ်ဆွမ်းဆက်ကပ်ခြင်းနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်ခြင်းတို့ကို ဇူလိုင် ၃၁ ရက် (စနေနေ့) (ဝါဆိုလပြည့်နေ့)တွင် ပြုလု
ဖြစ်သည်။

ထို့နောက် မွန်းလွဲ ၂ နာ
သာသနာ့ဗိမာန်တော်၌
ကိုးကွယ်ထားသော ဗုဒ္ဓရုပ်ပွာ
နှင့် ပဥ္စဝဂ္ဂီငါးပါးတို့အား ကြ
ဖွယ်ရာအစီအစဉ်ဖြင့်
သင်္ကန်းဆက်ကပ်ခြင်းနှင့် သင
သူ၊ သင်တန်းသား ပင်တိုင်ဝ
ဝင်များက ဓမ္မစက္ကပဝတ္တနသုတ
စကြာ) တရားတော်တို့ကို
ပူဇော်မည်ဖြစ်ကြောင်းသိရသ
(

နဝဒေးတံတား(ပြည်) ရေလမ်းကြောင်းပြောင်းလဲသတ်မှတ်

ရန်ကုန် ဇူလိုင် ၂၉

နဝဒေးတံတား(ပြည်)ရေလမ်းကြောင်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၆)နှင့် (၇)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့်(၆) အကြားမှလည်းကောင်းဖွင့်ထားခဲ့သည်။ ယခုအခါ မြစ်ရေများမြင့်တက်လာပြီးရေစီးနှုန်းမြင့်မားလာသဖြင့် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၂၈ရက်မှစ၍ အစုန်လမ်းအဖြစ်ရေလယ်တိုင်အမှတ်(၄)နှင့်(၅) အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့်(၄)အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ်ဖွင့်လှစ်ထားသည်။

ရေယာဉ်များဖြတ်သန်းရမည့်ဝင်ပေါက်တွင် အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပြီး မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

တံတားရေလယ်တိုင်များ၏အောက်ခြေပိုင်းတိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များရေလယ်တိုင်နှစ်ခုကြားမှယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်း ရေယာဉ်များ တစ်တွဲချင်း ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေး မှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေး နှိုးဆော်ချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစ

၃၀-၇-၂၀၀၄ (သောကြာနေ့)

(၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁၄)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓေ မဟာရဋ္ဌဂုရု၊ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ မဟာဝံသမြတ်ဗုဒ္ဓ(ပထမပိုင်း)
၈း၁၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၂၅ ၆။ ဝါဆိုလကဗျာ(အထက-၁၊ဒဂုံ)
၈း၃၀ ၇။ International News.
၈း၄၅ ၈။ English for Everyday Use.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice in Reading.
၄း၄၅ ၄။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ပဥ္စမအကြိမ်ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ(ပထမဆု) (အထက-၁၊ လသာ) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၅း၀၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၅း၂၀ ၆။ ပြည်ထောင်စုတိုင်းရင်းသ ရိုးရာတေးသံသာ
၅း၃၀ ၇။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
၅း၄၀ ၈။ နှောင်းခေတ်တေးပဒေသ
၅း၅၀ ၉။ မြန်မာစာမြန်မာစကား
၆း၀၅ ၁၀။ Discovery.
၆း၁၅ ၁၁။ ဝါဆိုလဘွဲ့တေးများ
၆း၃၀ ၁၂။ ညနေခင်းသတင်း
၇း၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးနတ်မယ် (အပိုင်း-၄၄**
၇း၃၅ ၁၅။ ပညာပါရမီအလှူတော်နတ်လူသာဓုခေါ်
၇း၄၅ ၁၆။ လုံခြုံပြည့်ဝစိတ်ချရေး မိခင်နို့တစ်မျိုးတည်းသ တိုက်ကျွေးပေး
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာရုပ်ရှင် ညှော့သည် (သုမောင်၊ ရန်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ [ဒါရိုက်တာ-မောင်နန္ဒ]**
၂၁။ နောက်တစ်နေ့အစီအစ
၂၂။ အစီအစဉ်ပြီး၏။

❀ **စပါးခင်းမှ**

ယခင်နှစ် ဆောင်ရွက်ချက်အပေါ် နှိုင်းယှဉ်တွေ့ရှိချက်များကို ရှင်းလင်းပြောကြားပြီး လက်တွေ့လုပ်ငန်း အကောင်အထည်ဖော်ကြမည့် ဒေသခံတောင်သူ၊ ကိုယ်စားလှယ်များအား ငါးမျိုးအိတ်များ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများ သည် စပါးခင်းများအတွင်း ရွှေဝါငါးကြင်း၁၅၀၀၀၀၊ ငါးခုံးမကြီး ၃၀၀၀၀၀၊ တီလားပီးယား ၆၀၀၀၀၊ ငါးရှူ ၁၅၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ၅၂၅၀၀၀ကို သတ်မှတ်လယ်ကွင်းများအတွင်းမျိုးစိုက်ထည့်ပေးပြီးနောက် တိုင်းမှူးသည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဧရာဝတီတိုင်းအနေဖြင့် ခရိုင်ငါးခရိုင်တွင် စိုက်ခင်းများအတွင်း ငါးသားပေါက် မျိုးစိုက်ထည့်သွင်းမှုကို ၂၀၀၃ခုနှစ် စိုက်ခင်းဧက ၂၈၀၀၀တွင် ဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် တိုင်းငါးလုပ်ငန်းဦးစီးဌာန၏ အစီအစဉ်ဖြင့် ဧက၅၀၀၀တွင် ငါးသားပေါက်ကောင်ရေ ၂၅ သိန်းကို အခမဲ့မျိုးစိုက်ထည့်သွင်းသွားမည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

ကျေးလက်ဒေသ ဖွံ့ဖြိုးဖို့ စပါးခင်းမှာငါးမွေးစို့



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ သစ်တက်ကုန်း ရေလွှဲဆည်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✧ ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်ရှိ ဇော်ဂျီမြစ်ကူးပင်းချားတံတားသို့ ရောက်ရှိကြရာ ကျောက်ဆည်ခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာ ဦးစိုးဝင်းက ကမ်းကပ်တိုင် A_1, A_2နှင့် ရေလယ်တိုင် P_1နှင့် P_2တို့အား ပိုင်တိုင်ခြောက်လုံးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေး-မိတ္ထီလာ-ရန်ကုန် ပြည်ထောင်စုလမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ဟန်မြင့်မိုရ်ကျေးရွာ မိုင်တိုင်အမှတ် ၃၉၄/၅သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့အား မန္တလေး-မိတ္ထီလာလမ်းပိုင်း မိုင်တိုင် ၃၃၈မိုင်မှ ၄၄၂မိုင် ၅ဖာလုံအထိ ခြောက်လမ်းသွား လမ်းဖောက်လုပ်ရေး တာဝန်ယူတည်ဆောက်နေသည့် ဟုန်ပန်း ဆောက်လုပ်ရေးကုမ္ပဏီမှ စီမံကိန်းတာဝန်ခံ ဦးကြည်စိုးက အဆိုပါ ဟန်မြင့်မိုရ်ရွာအနီး မြေနှင့်ကျောက် ရောနှော၍ ခြောက်လမ်းသွားလမ်းထု၏ အခြေခံလွှာ ခင်းကျင်းပြီးစီးမှုနှင့် ဆက်လက်၍ လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းအမြန်ပြီးစီးရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟုန်ပန်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ မိုင်တိုင်အမှတ် ၃၅၀/၀ (Toll Gate) အနီးရှိ ဟုန်ပန်းဆောက်လုပ်ရေးကုမ္ပဏီ၏ လုပ်ငန်းခွင်ရုံးသို့ ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ နယ်မြေခံတပ်မမှူး ဗိုလ်မှူးကြီးတင်ဦးလွင်၊ မိတ္ထီလာတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ဗိုလ်မှူးချုပ်ခင်မောင်တင်နှင့် ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း၊ မိတ္ထီလာခရိုင်နှင့် မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့အား ဟုန်ပန်းဆောက်လုပ်ရေးမှ စီမံကိန်းတာဝန်ခံ ဦးကြည်စိုးက မိမိတို့တာဝန်ယူ ဆောင်ရွက်နေသော လမ်းပိုင်း၌ လမ်းသစ်နှင့် မူလလမ်းဟောင်းတို့အား ကတ္တရာလမ်းခင်းခြင်းပြီးစီးမှု၊ မြေသားလမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှု၊ မိတ္ထီလာ မြို့ရှောင်လမ်းအရှည် ကိုးမိုင် သုံးဖာလုံ၊ အကျယ်ပေ ၂၀၀ကို လမ်းအူကြောင်း မြေသားလမ်းရှာဖွေဖော်ထုတ်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သော အပိုင်းအလိုက် ဆောင်ရွက်ရန်ရှိသည်တို့ကို မိုးရာသီကာလဖြစ်လင့်ကစား စောင့်ဆိုင်း၍မနေဘဲ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဟုန်ပန်းကုမ္ပဏီ၏ မိတ္ထီလာ မြို့ရှောင်လမ်း လမ်းအူကြောင်း ရှာဖွေဖော်ထုတ်မှုကို ကြည့်ရှုစစ်ဆေးရန် မိတ္ထီလာမြို့အဝင် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးနှင့် မိတ္ထီလာ-သာစည် ကားလမ်း သပြေဝလမ်းဆုံသို့ရောက်ရှိကြပြီး သပြေဝ-ညောင်ကိုင်း-ကျိုက်ပလဲကျေးရွာများကို ဖြတ်သန်းဖောက်လုပ်မည့် မြို့ရှောင်လမ်း လမ်းအူကြောင်းအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ-သာစည်ကားလမ်း ပြင်သာစပြကျေးရွာမှတစ်ဆင့် ပြင်သာ-ရုံးတောကြီး-ခင်လူး ကျေးရွာချင်းဆက် လမ်းများအခြေအနေကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် ခင်လူးကျေးရွာမှတစ်ဆင့် ကျေးလက်လမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ကြရာ ရန်ကုန်-မိတ္ထီလာ-မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မြာရေဝေကျေးရွာအုပ်စု ကန်ကြီးကုန်းကျေးရွာအနီးရှိ မိတ္ထီလာမြို့အထွက် ယုဇနဟိုက်ဝေး ကုမ္ပဏီလီမိတက်၏ မြို့ရှောင်လမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့အား ယုဇနဟိုက်ဝေးကုမ္ပဏီလီမိတက်မှ စီမံကိန်းအင်ဂျင်နီယာ ဦးခင်မောင်ညွန့်က ကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်ရမည့် မြို့ရှောင်လမ်းအပိုင်း၌ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

မြန်မာ့ဆေးလောက အောင်မြင်မှုမှတ်တိုင် ခိုက်ထူ ပါးစပ်ဟ၍မရသောလူနာကို ပုံမှန်ပြန်ဖြစ်အောင် ခွဲစိတ်ကုသပေးနိုင်

ရန်ကုန် ဇူလိုင် ၂၉

မြန်မာနိုင်ငံ ဆေးပညာရှင်များက နိုင်ငံတကာ ဆေးပညာရှင်များ၏ ပါဝင်ပူးပေါင်းမှုဖြင့် (၁၂)နှစ်တိုင်တိုင် ပါးစပ်ဟ၍မရသော လူနာတစ်ဦးကို ဇူလိုင် ၁၆ရက်တွင် ရန်ကုန်မြို့ သဃ်္ဃန်းကျွန်း စံပြဆေးရုံကြီး၌ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

အဆိုပါ ဝေဒနာရှင်မှာ ဒဂုံတက္ကသိုလ်တွင် ဒုတိယနှစ် ဘူမိဗေဒအဓိကဖြင့် တက်ရောက်ပညာ သင်ကြားလျက်ရှိသော မောင်ဇေယျာအောင်(၁၈)နှစ်ဖြစ်သည်။

မောင်ဇေယျာအောင် လေးလသားအရွယ်တွင် ချိုပိုးထားစဉ် ပြုတ်ကျသဖြင့် အောက်မေးရိုးနှင့် ဦးခေါင်းခွံ အရိုးဆက်သွားကာ ခြောက်နှစ်သားအရွယ်မှစ၍ ပါးစပ်ဟ၍မရဘဲ ရှိနေခဲ့သည်။ ယင်းသို့ ပါးစပ်ဟ၍မရသဖြင့် အရည်နှင့် အစာပျော့ကိုသာ ပိုက်ဖြင့်စုပ်ယူ စားသောက်ခဲ့ရပြီး စကားပြောရာတွင်လည်း မပီမသ ဖြစ်ခဲ့ရသည်။


He opens his mouth for the first time in 12 years

Myanmar youth has hope of using his mouth properly after S'pore doctors and dentists operated to force open his locked jaws

မောင်ဇေယျာအောင်ကို အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ကြောင်း သတင်းဆောင်းပါးကို ၂၇-၇-၂၀၀၄ ရက် စင်ကာပူနိုင်ငံထုတ် The Strait's Times သတင်းစာတွင် ဖော်ပြထားစဉ်။ (သတင်းစဉ်)

စီစဉ်ထား

မောင်ဇေယျာအောင်သည် ဇူလိုင် ၈ရက်တွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီးသို့ လာရောက်ပြသရာ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) မေးရိုးနှင့် ခံတွင်း ခွဲစိတ်ကုပညာဌာန ပါမောက္ခ/ဌာနမှူး ဦးကိုကိုမောင်က ဆေးရုံတင်၍ ကိုယ်တိုင်ခွဲစိတ်ကုသမှုပြုရန် စီစဉ်ထားရှိခဲ့သည်။

ယင်းသို့ရှိစဉ် အပြည်ပြည်ဆိုင်ရာ သွားဘက်ဆိုင်ရာဆေးပညာ စဉ်ဆက်မပြတ် တိုးတက်ပြန့်ပွားရေးအဖွဲ့ (International College for Continuing Dental Education) သည် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းနှင့် ပညာရပ် နှီးနှောဖလှယ်ပွဲကျင်းပရန် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ပြီး ဇူလိုင် ၁၂ရက်မှ ၁၆ရက်အထိ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ပညာရှင်များနှင့် အဆိုပါအဖွဲ့မှ မေးရိုးနှင့် ခံတွင်း ခွဲစိတ်ကုသမှုအဖွဲ့တို့ပူးပေါင်းကာ သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ အာခေါင်ကွဲ လူနာ ၂၅ဦးနှင့်အတူ မောင်ဇေယျာအောင်၏ အောက်မေးရိုး ခွဲစိတ်ကုသမှုကိုပါ အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အဆိုပါ ပူးပေါင်းကုသမှုအဖွဲ့တွင် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)မေးရိုးနှင့်ခံတွင်းခွဲစိတ်ကုပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာဦးကိုကိုမောင်နှင့် အကူမေ့ဆေးဆရာဝန်ကြီး ဒေါက်တာဒေါ်ကြည်ကြည်စန်းနှင့် သူနာပြုဆရာမများ ပါဝင်ပြီး စင်ကာပူနိုင်ငံ Mount Elizabeth Hospital မှ Dr. Myra Elliot နှင့် ၎င်း၏ လက်ထောက်ဆရာဝန်တို့ ပါဝင်ဆောင်ရွက်ခဲ့ကြရာ ခွဲစိတ်ကုသချိန် လေးနာရီခန့် ကြာမြင့်ခဲ့သည်။

ယခုအခါ မောင်ဇေယျာအောင်မှာ ပါးစပ်လက်နှစ်လုံးခန့် ဖွင့်နိုင်၊ ဟနိုင်လာပြီး စကားပိုမိုပီသစွာ ပြောဆိုနိုင်ကာ အဆိုပါဆေးရုံကြီး၌ပင် ဆေးဝါးကုသမှု ဆက်လက်ခံယူလျက်ရှိသည်။

မောင်ဇေယျာအောင်သည် ဩဂုတ်လဆန်းပိုင်းတွင် ဆေးရုံမှ ဆင်းနိုင်မည်ဖြစ်ပြီး ပုံမှန်လေ့ကျင့်ပေးသွားပါက သာမန်လူများကဲ့သို့ ပါးစပ်ဟနိုင်၊ စားသောက်နိုင်ကာ စကားလည်း ပီပီသသ ပြောဆိုသွားနိုင်မည်ဖြစ်သည်။

အောင်မြင်မှုတစ်ရပ်

ယခင်ကလည်း အလားတူ ပါးစပ်ဟ၍မရသော လူနာနှစ်ဦးကို မြန်မာနိုင်ငံမှ ဆရာဝန်ကြီး ဒေါက်တာ ဦးကိုကိုမောင်ကိုယ်တိုင် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ ၎င်းလူနာများကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်မှုသည် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးပညာလောက၏ အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံ ဆေးပညာလောကသည် ခေတ်နှင့်အညီ တိုးတက်အောင်မြင်လျက်ရှိ၍ ဝမ်းသာဂုဏ်ယူပါကြောင်းဖြင့် ICCDE မှ Dr. Myra Elliot က ပြောကြားသွားသည်။

မောင်ဇေယျာအောင်ကို အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့ကြောင်း သတင်းဆောင်းပါးကို ၂၇-၇-၂၀၀၄ရက် စင်ကာပူနိုင်ငံထုတ် The Strait's Times သတင်းစာတွင် ဖော်ပြထားကြောင်း သိရသည်။ (သတင်းစဉ်)

ရေဦးမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၉

ရေဦးမြို့နယ်အသင်း(ရန်ကုန်)မှ ရန်ကုန်မြို့တွင် သီတင်းသုံးနေကြသော ရေဦးမြို့နယ်ဇာတိ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၇ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ် ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များနှင့် ရေဦးမြို့နယ်သူ မြို့နယ်သားများ ကြည်ညိုသဒ္ဓါပွားများပြီး သင်္ကန်း၊ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို (ဥက္ကဋ္ဌ)ဗိုလ်မှူးကြီးဝင်းကြည် အမှတ်-၅၆ ဗိုလ်ရွဲလမ်း လသာမြို့နယ် ဖုန်း-၂၄၆၅၅၁၊ (ဒု-ဥက္ကဋ္ဌ) ဦးဘအုပ် ထက်လျှပ်စစ်ပစ္စည်းဆိုင် အမှတ်(၁၅) ပဒုမ္မာကွင်းတောင်ဘက် တိုက်ခန်း စမ်းချောင်းလမ်း စမ်းချောင်းမြို့နယ် ဖုန်း-၇၀၃၃၄၁ နှင့် ဦးသန်းနွဲ့ ဧမိုင်လမ်းဆုံ မရမ်းကုန်း ဖုန်း-၆၆၁၇၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

စက်ရုံဓမ္မရိပ်သာစုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၉

ကျူမငေးမြို့ စက်ရုံဓမ္မရိပ်သာ၏ ဦးစီးပဓာန နာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သုမနဆရာတော် အရှင်သူမြတ်အမှူးပြုလျက် ပရိယတ်၊ ပဋိပတ်သံဃာတော် အရှင်သူမြတ်တို့အားဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ ညနေ ၃နာရီတွင် လှူဒါန်းကြမည်ဖြစ်ရာ လှူဒါန်းလိုသော အလှူရှင်များသည် အကျိုးဆောင်အဖွဲ့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အမှာစကားပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆားလင်းကြီး မြို့နယ် ကျားတက်ကျေးရွာမှ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ကျစ်လျစ်သိပ်သည်းသော စည်းရုံးရေးစွမ်းရည်တိုးမြှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အောင်မြင်အောင်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၉

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့တွင်ရောက်ရှိနေသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇူလိုင် ၂၆ရက် နံနက် ၈နာရီတွင် ပုလဲမြို့နယ် မြကုန်းရွာ အခြေခံပညာ မူလတန်းကျောင်း၌ကျင်းပသော ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အခမ်းအနားသို့ မြကုန်းကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာရှစ်ရွာမှ ဒေသခံပြည်သူ ၃၀၀ကျော်တို့ တက်ရောက်ကြပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍ တင်ပြဆွေးနွေးကြသည်။ ထို့နောက် ဗဟိုအတွင်းရေးမှူး ဗိုလ်မှူးချုပ် ကျော်ဆန်းက ကျေးရွာပြည်သူများအား ဆွေးနွေးမှာကြားပြီး မြကုန်းကျေးရွာ မူလတန်းကျောင်းဆောင် အပြီးသတ် ဆောက်လုပ်ရေးနှင့် ဘုန်းတော်ကြီးကျောင်း ပြုပြင်ရေးအတွက် ဘိလပ်မြေအိတ် ၁၅၀၊ တနယ်ကျေးရွာ စာသင်ကျောင်းဆောက်လုပ်ရေးအတွက် ငွေကျပ် နှစ်သိန်း၊ မြကုန်းကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာ စာသင်ကျောင်းများအတွက် ကျောင်းသုံး ဗလာစာအုပ်များ၊ ဖတ်စာအုပ်နှင့် ဘောလ်ပင်များ၊ အဝတ်အထည်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် ဆားလင်းကြီး မြို့နယ် ရွာသမင်းကျေးရွာ ပြည်သူများက အရှည်ပေ ၃၇၀၀ရှိ ရွာအဝင်လမ်းကို စုပေါင်း၍ ကျောက်ခင်းနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်ချက်များကို ဒေသခံအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ဖြည့်ဆည်းပေးသည်။

တွေ့ဆုံပွဲ

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နံနက် ၁၁နာရီတွင် ဆားလင်းကြီး မြို့နယ် ကျားတက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ယာယီမဏ္ဍပ်၌ကျင်းပသော ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။ အခမ်းအနားသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ ဒေသခံပြည်သူ ၃၀၀ကျော်တို့ တက်ရောက်ကြပြီး စိုက်ပျိုးသီးနှံ အထွက်တိုးရေး၊ စိုက်ပျိုးရေးလိုအပ်ချက်များ၊ ရွာချင်းဆက်လမ်းများ ဆက်သွယ်ဖောက်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး တိုးတက်ဖြစ်ထွန်းလာမှုနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြေအောက်ရေကို တူးဖော်၍ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျေးရွာပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ကျားတက်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အတွက် ကွန်ပျူတာတစ်စုံ၊ ကျားတက် အထက်တန်းကျောင်းနှင့် ပတ်ဝန်းကျင် ကျေးရွာ စာသင်ကျောင်းများအတွက် ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်နှင့် ဘောလ်ပင်များကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် ကျားတက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဆောက်လုပ်ရေးအတွက် မနောသုခ သစ်သီးပွဲရုံ မန္တလေးမြို့မှ ဦးခင်မောင်၊ ဒေါ်စန်းရီတို့က ငွေကျပ် တစ်သိန်းခုနစ်သောင်းတန်ဖိုးရှိ ကွန်ပျူတာ ပရင်တာတစ်လုံး၊ မန္တလေးမြို့မှ ဒေါက်တာဦးကံမြင့်၊ ဒေါက်တာဒေါ်ခင်မြင့်ကြည် (ကလေးအထူးကုဆရာဝန်ကြီး) တို့က အလှူငွေကျပ်တစ်သိန်း၊ မန္တလေးမြို့မှ ဦးဝင်းထိန်၊ ဒေါ်သန်းသန်းအေးတို့က အလှူငွေကျပ်တစ်သိန်း၊ မန္တလေး ပညာရေးကောလိပ်မှ ဂီတဌာနမှူး ဦးဗိုလ်မြင့်၊ ဒေါ်ခင်ဝင်းကြည်တို့က ငွေကျပ် ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်သော ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အခမ်းအနားသို့ မြို့ပေါ်ရပ်ကွက်သုံးရပ်ကွက်နှင့် ကျေးရွာ ၁၃ရွာတို့မှ အင်အား ၁၅၀ကျော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြပြီး ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ကြိုးပမ်းအကောင်အထည်ဖော်နေမှုများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ကျေးရွာအလိုက် တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးမှာကြားပြီး နှောကူးတို့ကျေးရွာ တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်းသို့ ရုပ်မြင်သံကြားပြစက်တစ်လုံး၊ ဆားလင်းကြီးမြို့ အမှတ်(၁)ရပ်ကွက် မြေဖွန်းအခြေခံပညာမူလတန်းကျောင်းအတွက် အလှူငွေကျပ် တစ်သိန်း၊ ပတ်ဝန်းကျင် ကျေးရွာများရှိ ကျောင်းများအတွက် ကျောင်းသုံး ဖတ်စာအုပ်များ၊ ဗလာစာအုပ်နှင့်ဘောလ်ပင်များ၊အဝတ်အထည်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြကုန်း၊ ကျားတက်၊ ဆားလင်းကြီးမြို့များ၌ ကျေးလက်ပြည်သူများနှင့်တွေ့ဆုံ အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံစေရေး စသည့် ကဏ္ဍစုံတွင် နေ့ရောညပါ ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိပုံ၊ ပြည်သူလူထုအနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပုံ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံတို့ကို အသေးစိတ် ရှင်းလင်းမှာကြားသည်။

ထိုမှတစ်ဆင့် အသင်းဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဆားလင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမသို့ရောက်ရှိပြီး မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ စည်းရုံးရေးမှူးများနှင့်တွေ့ဆုံ၍ အသင်းဝင်အင်အား တိုးပွားရေး၊ ကျစ်လျစ်သိပ်သည်းသော စည်းရုံးရေးစွမ်းရည်တိုးမြှင့်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် အောင်မြင်အောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆားလင်းကြီးမြို့နယ် ကျားတက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် ကျောင်းသုံးဖတ်စာအုပ်၊ ဗလာစာအုပ်နှင့် ဘောလ်ပင်များ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဇာလီတောင်ဆရာတော်ကြီး ပူဇော်ပွဲနှင့် ဇာလီပရိယတ္တိ စာသင်တိုက်ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၉

သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာလမ်း၊ ဇာလီပရိယတ္တိ စာသင်တိုက်တွင် သရက်မြို့ ဇာလီတောင်ဆရာတော်ကြီးအား (၄၅)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲနှင့် ဇာလီပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် ဦးသာသနအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား (၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို (၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့)ဇူလိုင် ၃၁ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ သင်္ကန်းတစ်စုံ ကျပ် ၃၀၀၀၊ ကန်တော့ပွဲတစ်ပွဲ ကျပ် ၁၀၀၀ နှင့် ဝါတွင်း တရားပွဲတစ်ပွဲ ကျပ် ၂၀၀၀ နှုန်းဖြင့် ဖုန်း-၅၆၅၂၈၉ သို့ မည်သူမဆို ဆက်သွယ်ကုသိုလ်ယူလှူဒါန်းနိုင်ကြောင်းသိရသည်။ ဝါတွင်း အဘိဓမ္မာတရားပွဲကို ဒုတိယဝါဆိုလပြည့်နေ့မှစ၍ ဥပုသ်နေ့တိုင်း သီတင်းကျွတ်လပြည့်နေ့အထိ တရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေ ပေးအပ်

ရန်ကုန် ဇူလိုင် ၂၉

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးမှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတို့တွင် ပညာသင်ကြားနေသော ဝန်ထမ်းသားသမီးများအား ၂၀၀၄-၂၀၀၅ခုနှစ် ပညာသင်နှစ်အတွက် ဗဟိုဝန်ထမ်းသက်သာချောင်ချိရေး ကော်မတီ ရန်ပုံငွေက ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ယနေ့ နံနက်၉နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ် (၈၃၉) ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း(ရုံးချုပ်)၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ဗဟိုဝန်ထမ်းသက်သာချောင်ချိရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများနှင့် ဌာနကြီးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ဗဟိုဝန်ထမ်းသက်သာချောင်ချိရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်နှင့်တိုင်းအသီးသီးတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတို့၌ ပညာသင်ကြားနေသော ဝန်ထမ်း သားသမီးများအတွက် ပညာသင်ထောက်ပံ့ငွေများကို ဌာနကြီးမှူးများသို့ပေးအပ်သည်။**(ဓါတ်ပုံ)** ပြည်နယ်နှင့် တိုင်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတို့၌ ပညာသင်ကြားနေသော ဝန်ထမ်းသားသမီး ၇၉၈၀တို့အတွက် ပညာသင်ထောက်ပံ့ငွေ စုစုပေါင်းမှာ ငွေကျပ် ၁၄ ဒသမ ၁၂၄သန်း ဖြစ်သည်။ (သတင်းစဉ်)

အာဆီယံစားသောက်ဖွယ်ရာ ဈေးရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

၂၀၀၄ခုနှစ် ဩဂုတ် ၈ရက်တွင် ကျရောက်မည့် (၃၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်းကကြီးမှူး၍ အာဆီယံစားသောက်ဖွယ်ရာ ဈေးရောင်းပွဲတော်(ASEAN Food Festival)ကို ဩဂုတ် ၇ရက်တွင် Kandawgyi Palace Hotel (Lake View)၌ ကျင်းပမည်ဖြစ်သည်။

ဩဂုတ် ၇ရက်တွင် ကျင်းပမည့် အဆိုပါ အာဆီယံစားသောက်ဖွယ်ရာ ဈေးရောင်းပွဲတော်သို့ ဝင်ကြေးပေးရန်မလိုဘဲ မည်သူမဆို လာရောက်ဝယ်ယူကြည့်ရှုအားပေးနိုင်သည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ စစ်ဆေး လုပ်ငန်းများသတ်မှတ်ကာလထက် စောပြီးစီးရေးမှာကြား

ရန်ကုန် ဇူလိုင် ၂၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်သည် လျှပ်စစ်စွမ်းအားဦးစီးဌာန၊ ရေအားလျှပ်စစ်ဦးစီးဌာနနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီး ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၁) တည်ဆောက်ရေး မှ တာဝန်ရှိသူများနှင့်အတူ ဓာတ်အားပေးစက်ရုံရှိ ဓာတ်အားထိန်းချုပ်ခန်း၊ ဓာတ်အားပေးစက်များ တပ်ဆင်ပြီးစီးမှု၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ ဆက်သွယ်ဆောင်ရွက်ပြီးစီးမှု၊ ရေယူဥမင်အတွက် တည်ဆောက်မှုလုပ်ငန်း၊ ရေပိုလွှဲမှ ရေများထုတ်လုပ်မှု၊ ဖိအားလျှော့ ရေလျှံထိန်းစည် တည်ဆောက်မှုလုပ်ငန်း၊ ရေယူအဆောက်အအုံနှင့် ရေသိုလှောင် စုဆောင်းထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၂၅ ရက်တွင် ပုပ္ပားမြို့ ငရံ့ကုန်းရွာအနီးရှိ ပုပ္ပားပိုဇိုလန် စက်ရုံတည်ဆောက်ရေးနှင့် သဘာဝပိုဇိုလန် ထုတ်လုပ်ရေးလုပ်ငန်းနှင့်ဇူလိုင်၂၆ ရက်တွင် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်းရေအားလျှပ်စစ် စီမံကိန်းတို့သို့ သွားရောက်ကာ ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၂၇ ရက်တွင် ပဲခူးတိုင်း ဖြူးမြို့နယ်အတွင်းရှိ ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ကာ လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုသို့ လုပ်ငန်းများလှည့်လည် ကြည့်ရှုစစ်ဆေးရာ၌ ဝန်ကြီးက စီမံကိန်းများမှ တာဝန်ရှိသူများအား လုပ်ငန်းများကို သတ်မှတ်ကာလထက် စော၍ ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ လုပ်ငန်းသုံးယာဉ်နှင့်စက်ယန္တရားများကို စနစ်တကျ ကိုင်တွယ်မောင်းနှင်ရေး၊ မိုးရာသီတွင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ရေး၊ အလေအလွင့် ထိန်းသိမ်းရေး၊ ခြိုးခြံချွေတာရေး၊ စက်များတပ်ဆင်ရာတွင် အပိုင်းလိုက် မှန်ကန်စွာ တပ်ဆင်ရေး၊ ဌာနအချင်းချင်း ဝန်ထမ်းအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးတို့ကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် ဌာနဆိုင်ရာမှ တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၂၄ရက် နံနက်ပိုင်းတွင် တန့်ယန်းမြို့သို့ ရောက်ရှိပြီး တန့်ယန်းမြို့ ဝေဠုဝန်စာသင်တိုက်၌ကျင်းပသော လူပုဂ္ဂိုလ်သာသနာပြုသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တန့်ယန်းမြို့မှ ဆက်လက်ထွက်ခွာ၍ တန့်ယန်း–တာကော်အက်–မိုင်းပတ်–ပန်ဆန်း ကားလမ်း ကတ္တရာလမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၂၅ရက် မွန်းလွဲပိုင်းတွင် ပန်ဆန်းမြို့တော်ခန်းမ၌ ဒေသမှတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးနှင့် ‘ဝ’ဒေသကားလမ်းများ အဆင့်မြှင့်တင်ထိန်းသိမ်းရေးကိစ္စများ ညှိနှိုင်းဆွေးနွေးသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းနှင့်အဖွဲ့သည် ဇူလိုင် ၂၆ရက်တွင် မိုင်းပေါက်ရှိ UNODC ၏ ‘ဝ’ဒေသ(တောင်ပိုင်း) အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ စီမံကိန်းဆောင်ရွက်နေမှုအခြေအနေ တင်ပြချက်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းနှင့်အဖွဲ့သည် ဇူလိုင် ၂၇ရက် နံနက်ပိုင်းတွင် မိုင်းလားမြို့ အခြေခံပညာအထက်တန်းကျောင်း၌ နယ်စပ်ဒေသ၌ တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။ ထို့နောက် မိုင်းလားမြို့အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာစာသင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး ခုတင် ၅၀ဆံ့ဆေးရုံ ဆောက်လုပ်မည့်မြေနေရာအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် ဇူလိုင် ၂၈ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့နယ် စည်ပင်သာယာခန်းမသို့ရောက်ရှိရာ ပြည်နယ်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့များနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ဓာတ်အားပေးစက် တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(လျှပ်စစ်စွမ်းအား)

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားမြို့ အခြေခံပညာအထက်တန်းကျောင်းရှိ မာလ်တီမီဒီယာစာသင်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)



ဓမ္မပိယရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၂၉

သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာလမ်း ဓမ္မပိယရိပ်သာတွင် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ (က–ပ)

ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ကျောက်ရေတွင်း ဓမ္မပါလလမ်း မဟာသုခါရာမ စာသင်တိုက်၌ ပဓာန နာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိရောစန (ဒွိပိဋကရေ)နှင့် စာချစာသင် သံဃာတော်အပါး ၁၅၀ ကျော်တို့အား ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ဇူလိုင် ၃၁ ရက် (စနေနေ့)နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

‘ယောက်ဖ’ဇာတ်ကားသစ် ရိုက်ကူးရိုက်ဝင်

ရန်ကုန် ဇူလိုင် ၂၉

ယခု သောကြာပတ်တွင် မြန်မာရုပ်ရှင် ဇာတ်ကားသစ်အဖြစ် **ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့လိုတယ်** ဇာတ်ကားသစ် ရုံသုံးရုံ တစ်ပြိုင်တည်း ဝင်လာသည်။ ကျော်စေ ရုပ်ရှင်အတွက် ဒါရိုက်တာ မောင်မျိုးမင်းရိုက်ကူး၍ ရန်အောင်၊ လွင်မိုး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်တို့ သရုပ်ဆောင်ထားကြသည်။

မြန်မာလူမှုရေးနယ်ပယ်၌ နွေးထွေးယဉ်ကျေးသော မိသားစု အစဉ်အလာရှိပုံကို အခြေခံ၍ ဘဝဖြစ်ရပ်စုံကို ဟာသနှော၍ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ သမ္မတ၊ သွင်၊ မင်္ဂလာရုံကြီးများ၌ တင်ဆက်ပြသနေသည်။

အမျိုးသားရုပ်ရှင်မှ ဒါရိုက်တာ ကျော်သူရိုက်ကူး၍ ကျော်သူ၊ မင်းမော်ကွန်း၊ မင်းခ၊ ထွန်းအိန္ဒြာဗို၊ လှမျိုးသဉ္ဇာနွယ်၊ ဆုပန်ထွာတို့ သရုပ်ဆောင်ထားသော မိခင်မေတ္တာကို ဖော်ကျူးသည့် **အမေ့နို့ဖိုး**ဇာတ်ကား ရှေ့ဆောင်၊ နေပြည်တော်နှင့် နဝဒေးရုံကြီးများ၌ ဆက်လက်အောင်ပွဲခံနေသည်။

“ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့လိုတယ်”ဇာတ်ကားသစ်မှ ဇာတ်ဝင်ခန်း။

“နာမည်တစ်လုံးနဲ့နေကြသူများ” ဇာတ်ကားမှ လူမင်းနှင့်သရုပ်ဆောင်များ။

ဆက်လက်၍ အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကားသစ်ဖြစ်သော Main Prem Ki Diwan Hoon အမည်ရှိ ဇာတ်ကား ဘုရင်ရုံတွင် ရုံတင်လာသည်။ ဂုဏ်နေလောကတွင် အချစ်စစ် အချစ်မှန်တို့၏ သစ္စာတရားကို ဖော်ကျူး တင်ပြထားသောဇာတ်လမ်းဖြစ်ပြီး ဟာရစ်ရော်ရှန်၊ ကရီနာကပူး၊ အဘရှစ်ဘရစ်ချိကံတို့ ပါဝင်သရုပ်ဆောင်ထားသည်။

ရွှေဂုန်ရုံတွင် Maximum Risk အမည်ရှိ နိုင်ငံခြားဇာတ်ကားရုံတင်သည်။ အမွှာညီအစ်ကိုနှစ်ဦး၏ ဘဝဇာတ်လမ်းကို စိတ်ဝင်စားဖွယ်ရာ ရိုက်ကူးပြသထားသည်။

မြို့မရုံတွင် Awara-Paagal-Deewna အမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင်ပြသသည်။ အက်ရှင်မင်းသား ဆူနီရှယ်သီနှင့် အရှစ်ကူမာတို့ သရုပ်ဆောင်ထားသည်။

ယခုသောကြာပတ်တွင် အဆင့်မြင့် ဗီဒီယိုဇာတ်ကားဖြစ်သော **နာမည်တစ်လုံးနှင့်နေကြသူများ** ဇာတ်ကား ရွှေမန်း၊ သီတာ၊ စံပြရုံများတွင် ရုံတင်ပြသသည်။ ပြည်သူ့ရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့ ပူးတွဲတင်ဆက်သော မှုခင်းပညာပေး ဇာတ်ကားဖြစ်သည်။

ရတနာပုံရုံကြီးတွင် **ပေါက်ပေါက်မြောက်မြောက်**ဇာတ်ကား ရုံတင်ပြသနေသည်။ ရာဇာနေဝင်းနှစ်ကိုယ်ခွဲ၊ ဇာဂနာ၊ စိုးမြတ်နန္ဒာ၊ ဆုပန်ထွာတို့ သရုပ်ဆောင်ထားကြသည်။

ဆုထူးပန်ရုံတွင် Pyaar Ishq Mohabbat အမည်ရှိ အိန္ဒိယအချစ်ဇာတ်ကား ရုံတင်ပြသနေသည်။ သုံးပွင့်ဆိုင် လွမ်းမောဖွယ် အချစ်ဇာတ်လမ်းဖြစ်သည်။ **(ကြေးမုံ)**

Maximum Risk **နိုင်ငံခြားဇာတ်ကားမှ ဇာတ်ဝင်ခန်း။**

Main Prem Ki Diwan Hoon **အိန္ဒိယဇာတ်ကားသစ်မှ သရုပ်ဆောင်ဟန်။**

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စစ်ကိုင်းတိုင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၂၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၅ရက် နံနက် ၇ နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ မုံရွာမြို့၊ မဟာဇောတိကာရာမကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကဝိန္ဒ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ဩပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကဝိန္ဒ ထံမှ ငါးပါးသီလခံယူ ဆောက်တည်၍ ဆရာတော်သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်သာအေးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တိုင်းမှူးနှင့် ဇနီး၊ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး၏ ဇနီး ဒေါ်ဝေဝေခိုင်နှင့် တာဝန်ရှိသူများက သီလရှင်ဆရာကြီးများအား သီလရှင်ဝတ်စုံများ ဆက်ကပ် လှူဒါန်းကြသည်။

ယင်းနောက် ဩပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကဝိန္ဒထံမှ ရေစက်ချ အနုမောဒနာတရား နာကြားကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အဆိုပါ အခမ်းအနားတွင် မုံရွာမြို့ပေါ်ကျောင်းတိုက်များမှ သံဃာတော် ၂၁၉၃ပါးအတွက် သင်္ကန်း၂၁၉၃စုံနှင့် သီလရှင်ဆရာကြီး ၄၇၄ ပါးအတွက် ဝတ်စုံ ၄၇၄ ထည်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ (သတင်းစဉ်)

ထာဝရဘက်စုံအလှူတော်ငွေပေးအပ်

ဇူလိုင် ၂၉ရက်က ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေထံ လေးဆူ ဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် ထာဝရဘက်စုံအလှူတော်ငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာနဝန်ကြီးရုံး၏ အလှူတော်ငွေ ကျပ် ၄၅၀၀၀၀ကို ဝန်ကြီး ဦးသန်းအောင်က ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မဟာစည်ရိပ်သာကြီး ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၉

ဗဟန်းမြို့နယ် အမှတ် ၁၆ သာသနာ့ရိပ်သာလမ်း မဟာစည်သာသနာ့ရိပ်သာကြီး၏ မဟာစည်ဩဝါဒါစရိယ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ မဟာထေရ်(ချမ်းမြအောင်စည်) ဆရာတော်ကြီးအမှူးရှိသော ပုရိမဝါ ဝါဆိုဝါကပ်တော်မူကြမည့် ကမ္မဋ္ဌာနာစရိယ၊ နာယကဆရာတော် ဝန်ဆောင်သံဃာတော်အပါး ၂၀၀ တို့အား (၅၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဒုတိယဝါဆိုလပြည့် ဇူလိုင် ၃၁ရက်(စနေနေ့) နံနက် ၇နာရီမှစတင်၍ ဖော်ပြပါရိပ်သာကြီး၏ ဖလ်ယဉ်ဓမ္မာရုံ၌ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်မှကြီးမှူး၍ ဟိတေသီအဖွဲ့၊ အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့အဖွဲ့ဝင်များနှင့် ယောဂီသူတော်စင်အလှူရှင်များကိုယ်တိုင် စုပေါင်းလှူဒါန်းဆက်ကပ်ကြမည်ဖြစ်ပါ၍ ပါဝင်လှူဒါန်းလိုသော ယောဂီဟောင်းများနှင့် ပါရမီရှင်များသည် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်ရုံးသို့ ကိုယ်တိုင်ကြွရောက်၍ ဖြစ်စေ သို့မဟုတ် ကြိုတင်စာရင်းပေးသွင်းလှူဒါန်းနိုင်ရန် ဖုန်း-၅၄၁၉၇၁၊ ၅၄၅၉၁၈ သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

မေတ္တာသွေးလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၉

ဆေးရုံအသီးသီးပေါ်၌ သွေးလိုနေသော ဝေဒနာရှင်များအား မေတ္တာသွေးစက်ဖြင့် အသက်ကယ်နိုင်ရန် မေတ္တာဗျူဟာအဖွဲ့က ကြီးမှူး၍ (၈၃)ကြိမ်မြောက် ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ဩဂုတ် ၁ရက် နံနက် ၈နာရီခွဲတွင် ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။ မိမိတို့၏ မေတ္တာသွေးစက်ဖြင့် သွေးလှူဒါန်းလိုသူ မေတ္တာသွေးလှူရှင်တိုင်း လာရောက်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ဝါတွင်းဓမ္မာစရိယ သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၉

အလိုတော်ပြည့်ဓမ္မာစရိယ တက္ကသိုလ် နာယကချုပ်ဆရာတော် ဘဒ္ဒန္တသုစိတာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဝါကျဉယျာဉ်ကျမ်းပြု) အရှင်သူမြတ်သည် ရန်ကုန်တိုင်း ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ရတနာလမ်းမနှင့် စစ်တောင်းလမ်းထောင့်ရှိ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၌ ၁၃၆၆ခုနှစ်၊ ဝါတွင်းသုံးလ ဓမ္မာစရိယသင်တန်းကို ဝါဆိုလပြည့်ကျော် ၄ရက်(ဩဂုတ် ၄ရက်)မှစ၍ မွန်းလွဲ ၁နာရီမှ ၂နာရီအထိတစ်ကြိမ်၊ ၂နာရီခွဲမှ ၃နာရီခွဲအထိ တစ်ကြိမ် ဖွင့်လှစ်သင်ကြားပို့ချမည်။ တက်ရောက်လိုသူများသည် သင်တန်းဖွင့်သည့်နေ့တွင် အဆိုပါ ဓမ္မာစရိယ တက္ကသိုလ်သို့ တစ်ခါတည်းကြွရောက် စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

ဝိပဿနာကိုယ်တွေ့အလုပ်ပေး တရားတော်ဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်း ဓမ္မပါလလမ်းရှိ မဟာသုခါရာမ စာသင်တိုက်(သဗ္ဗညုဘုရားကြီးအနီး)၌ ဇူလိုင် ၃၁ရက် (ဒုတိယဝါဆိုလပြည့်နေ့)မှ စတင်၍ ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း နံနက် ၁၀နာရီတွင် ဝိပဿနာကိုယ်တွေ့ အလုပ်ပေးတရားတော် (တစ်မိနစ်တရား အားထုတ်နည်းသင်တန်း) ကျင်းပသွားမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ ကိုယ်တွေ့လာရောက် တရားအားထုတ်လေ့လာနိုင်သည်။ (သတင်းစဉ်)

ကွယ်လွန်သူ ကိုရဲမင်းသိမ်းအား ရည်စူး၍ အမှတ်၁၁(က) ကမ္ဘာအေးစေတီလမ်း၊ ရွှေတောင်ကြား (၂) ရပ်ကွက် ဗဟန်းမြို့နယ်နေ ဗိုလ်မှူးကြီး ဇန်ကူးလ်(အငြိမ်းစား) ဒေါ်ယဉ်ယဉ် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုကြီး (အငြိမ်းစား သံအမတ်ကြီး) ဇူလိုင်၂၅ရက်က လက်ခံယူစဉ်။ (က-ပ)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် ဇူလိုင် ၂၉

၂၀၀၄ခုနှစ် ဇူလိုင်လ ၂၉ရက် မြန်မာစံတော်ချိန် ဝ၈နာရီ ၁၅မိနစ် ၄၁ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက် ၃၉၉မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၃ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

မိုးရာသီ တာဝေးစက်ဘီးပြိုင်ပွဲ ဩဂုတ် ၅ရက်တွင် စာရင်းပိတ်မည်

ရန်ကုန် ဇူလိုင် ၂၉

အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် ရွေးသံလွင်ကုမ္ပဏီတို့က ကြီးမှူး၍ ၂၀၀၄ခုနှစ် အမျိုးသားကီလိုမီတာ ၁၆၀၊ အမျိုးသမီးကီလိုမီတာ ၈၀၊ ရန်ကုန်-ပဲခူး-ရန်ကုန် အသွားအပြန် မိုးရာသီတာဝေးလမ်းမပေါ်စက်ဘီးပြိုင်ပွဲကို ဩဂုတ် ၇ရက် နံနက် ၅နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် အောင်ပွဲရစက်ဘီးအားကစားမောင်မယ်များအား ထိုက်ထိုက်တန်တန် ဆုကြေးငွေများ ချီးမြှင့်မည်ဖြစ်ရာ ပထမဆုကြေးငွေကျပ် ငါးသိန်း၊ ဒုတိယဆုကြေးငွေကျပ်လေးသိန်း၊ တတိယဆုကြေးငွေကျပ် သုံးသိန်း၊ စတုတ္ထဆုကြေးငွေကျပ်နှစ်သိန်း၊ ပဉ္စမဆုကြေးငွေကျပ် တစ်သိန်းအပြင် နှစ်သိမ့်ဆု ငါးဆုကို တစ်ဦးလျှင် ဆုကြေးငွေကျပ် ငါးသောင်းစီချီးမြှင့်မည် ဖြစ်သည်။

၂၀၀၄ခုနှစ်မိုးရာသီတာဝေးစက်ဘီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဌာနဆိုင်ရာကလပ်အသင်းများ၊ ပြည်နယ်နှင့် တိုင်းများမှ စက်ဘီးအားကစားသမားများသည် ယခင်က သတင်းထုတ်ပြန်ကြေညာခဲ့သည် ဩဂုတ် ၁ရက်အစား ဩဂုတ် ၅ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးမြင့်ဟန် ရန်ကုန်မြို့ သုဝဏ္ဏလေ့ကျင့်ရေးကွင်းထံသို့ အမည်စာရင်းများ ပေးသွင်းကြပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်မေးမြန်းနိုင်သည်။ (ကြေးမုံ)

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃၉)လမ်း အမှတ်(၂၇၈/၂၈၀)နေ ဒေါ်ဥ(မိတ္တီလာ)၏ (၈၅)နှစ်မြောက်မွေးနေ့ရှင်ကိုယ်စား(မောင်)ဦးကျော်စိန်လှ၊ (တူ)ကိုဇော်လင်းတို့ကသုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသိန်းအောင်သို့ ဇူလိုင် ၂၆ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့် အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

၂-၈-၂၀၀၄ (တနင်္လာနေ့)

* Pali Alphabet
  - ပထမနှစ်အရှေ့တိုင်းပညာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ အထူးပြုကျောင်းသား/သူများ
* Works of Art and Philosophy of Art
  - နောက်ဆုံးနှစ် ဒဿနိကဗေဒအထူးပြုနှင့် ဒုတိယနှစ် မြန်မာစာ အထူးပြုကျောင်းသား/သူများ
* နောင်ရိုးတိုက်ပွဲ
  - ပထမနှစ်မြန်မာစာအထူးပြု ကျောင်းသား/သူများ

၃-၈-၂၀၀၄ (အင်္ဂါနေ့)

* Mitosis and Meiosis
  - ပထမနှစ်သတ္တဗေဒအထူးပြု ကျောင်းသား/သူများ
* Respiration
  - ပထမနှစ်သတ္တဗေဒအထူးပြု ကျောင်းသား/သူများ

၄-၈-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

* Electrophilic Addition to Unsaturated Carbon
  - တတိယနှစ်ဓာတုဗေဒ အထူးပြု ကျောင်းသား/ကျောင်းသူများ
* Electrophilic Aromatic Substitution
  - တတိယနှစ်ဓာတုဗေဒ အထူးပြု ကျောင်းသား/ကျောင်းသူများ

၅-၈-၂၀၀၄ (ကြာသပတေးနေ့)

* Year I Drama Part(I)
  - ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား/သူများ
* Year I Drama Part(II)
  - ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား/သူများ

၆-၈-၂၀၀၄ (သောကြာနေ့)

* Reported Speech
  - ပထမနှစ်၊ ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား/သူများ
* Communicative Skills
  - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား/သူများ

နံနက် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီထိ

၇-၈-၂၀၀၄ (စနေနေ့)

* အဝေးသင်တက္ကသိုလ် ကျောင်းသူ/သားများအတွက်သင်ခန်းစာများ

၈-၈-၂၀၀၄ (တနင်္ဂနွေနေ့)

* အဝေးသင်တက္ကသိုလ် ကျောင်းသူ/သားများအတွက်သင်ခန်းစာများ

ကောင်းမြိုးဝေယံကျော် (စ) ဖူးဖူးအတွက်

ဆွေးနွေးဆုတောင်း

IRON CROSS MUSIC ENTERTAIMENT နှင့် ထွန်းအိန္ဒြာဗို

အထူးကျေးဇူးတင်ရှိခြင်း

နှစ်(၄၀)ပြည့် ပတ္တမြားရတု မင်္ဂလာဆုတောင်း

၂၀၀၄ ခုနှစ် ဇူလိုင်လတွင် ကျရောက်သော ချစ်ဖေဖေ ဦးဟုန်ကာ(ခ)ဦးစိန်မြင့်နှင့် ချစ်မေမေ ဒေါ်ရှုတ်ကြုပ်(ခ)ဒေါ်ခင်သန်း (ဇော်ဖိနပ်ဆိုင်၊ ပြည်မြို့)တို့၏ နှစ်(၄၀)ပြည့်မင်္ဂလာရက်မြတ်မှသည် နှစ်(၁၂၀)တိုင်အောင် ချစ်သား၊ သမီး၊ မြေးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ လိုအင်ဆန္ဒ တစ်လုံးတစ်ဝတည်း ပြည့်စုံသော ဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ချစ်သားသမီးများ–	ချစ်မြေးများ–
– ကိုဇော်တင်–မမြတ်မြတ်ဆွေ	– မီမီကို၊မင်းမင်းဟန်၊ မီမီအောင်
– ကိုဇော်ထွန်း– Dr. ခင်ခင်လှ	– ဘုန်းပြည့်ခင်
– ကိုဇော်အောင်–မဇင်မာဖြူ	– ဝင်းအိဖြူ၊ချိုလဲ့ဖြူ
– ကိုအောင်ဇော်မိုး–မသိမ့်သန္တာနွယ်	
– ကိုဇော်ဝင်း–Dr. သူဇာအောင်	– ချောနန္ဒာ

ဧအောင်သရဖူ GCE သင်တန်း

Commencing Date : August 2004

☎: 212357, 252821

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း

အမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Graphic Designer		(၅)ဦး
၂။ DTP (Layout ကျွမ်းကျင်သူ)နှင့် စာစီစာရိုက်		(၅)ဦး
၃။ အလုပ်သင်အယ်ဒီတာ(အားကစားနှင့်စပ်ကျွမ်းကျင်သူ)		(၅)ဦး
၄။ အလုပ်သင်အယ်ဒီတာ(မျက်မှောက်ကမ္ဘာ့ရေးရာကျွမ်းကျင်သူ)		(၅)ဦး
၅။ Marketing (ကားမောင်းတတ်သူဦးစားပေးမည်)	ကျား/မ	(၅)ဦး
၆။ ဖလင်ရိုက်/တွဲ	ကျား/မ	(၅)ဦး
၇။ ယာဉ်မောင်း	ကျား/မ	(၃)ဦး

အလုပ်သမားမှတ်ပုံတင်နှင့်တကွ အမှတ်(၂၇၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)သို့ လျှောက်ထားနိုင်ပါသည်။

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) နှင့် FOREVER GROUP

အနုပညာကွန်ပျူတာ ဒီပလိုမာသင်တန်း

DIPLOMA IN COMPUTER ARTS (Dip.CA)

Specialized in "Character Animation & Advanced Media"

Level 1. Graphic Production for Exporting any Media
Level 2. Video/Audio Production, Motion Graphics & Visual Effects
Level 3. Character Animation & Advanced Media

Specialized in "Multimedia & Infocom Technology"

Level 1. Graphic Production for Exporting any Media
Level 2. Rich Media Content Creation, Interactive TV & Streaming Video
Level 3. Multimedia & Information Communication Technology

Forever Group Co., Ltd.

Broadcast Studio ... GlobeCaster All in One Studio Solution ... Bagan Cybertech ၏ Broadband Internet/Intranet Facilities ... Adobe ... Design Solution "Adobe Creative Suite" ... Web Designer ... Rich Media Content Creator ... Multimedia ... Multimedia Developer ... Information Age ... On Job Training ...

အိုလံပစ်တာဝါ၊(၁၄)ထပ်၊တိုက်ခန်းအမှတ်(၁၄၀၄)နှင့် (၁၄၀၅) တိုက်ခန်းနှစ်ခန်း အရောင်းအဝယ်ကိစ္စ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ အိုလံပစ်တာဝါ (၁၄)ထပ်ရှိ အခန်းအမှတ်(၁၄၀၄)နှင့် (၁၄၀၅)ဟုခေါ်တွင်သော တိုက်ခန်းနှစ်ခန်းကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါက်တာ ဒေါ်ကြည်ကြည်ဝင်း [၁၂/ပဘတ(နိုင်) ၀၁၅၉၅၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အဆိုပါ တိုက်ခန်းနှစ်ခန်း၏ ကာလတန်ဖိုးအနက်မှ တစ်စိတ်တစ်ဒေသ ငွေကို ပေးချေထားပြီးဖြစ်၍ အဆိုပါ တိုက်ခန်းနှစ်ခန်းတွင် ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်ကန့်ကွက်သူမရှိပါက အခန်းအရောင်းအဝယ်ကိစ္စ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–

ဦးသန်းထွန်း (H.G.P.,C.B.L.,D.B.L)
အထက်တန်းရှေ့နေ
အငြိမ်းစား၊ ဒု–လက်ထောက်ညွှန်ကြားရေးမှူး(ဗဟိုစာရင်းရုံး)
အမှတ်–၅၃၊ ၁၂၁–လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း–၂၉၇၄၉၅



ဓမ္မစကြာတရားဆင်ခြင်အောက်မေ့ ဝါဆိုလပြည့်

ဝါဆိုလပြည့်နေ့သည် မြတ်ဗုဒ္ဓ၏ နေ့ထူးနေ့မြတ်၊ ဗုဒ္ဓဘာသာဝင်တိုင်း မမေ့အပ်၊ မမေ့ထိုက်သော နေ့ထူးနေ့မြတ်ဖြစ်သည်။ ဝါဆိုလပြည့်နေ့သည် သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ ဖြစ်တော်စဉ်များနှင့် ဆက်စပ်နေသဖြင့်လည်း ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အဖို့ အလေးအမြတ်ပြုရာ နေ့တစ်နေ့ပင်ဖြစ်ပါသည်။

"သန္ဓေ၊ တောထွက်၊ ဓမ္မစက်" ဟူသော စကားအရ ဝါဆိုလပြည့်နေ့သည် ဘုရားအလောင်း သန္ဓေတည်သောနေ့၊ တောထွက်တော်မူသောနေ့၊ ဘုရားရှင် ဓမ္မစကြာတရားဦး ဟောကြားတော်မူသောနေ့ ဖြစ်သည်။

မြတ်ဗုဒ္ဓအလောင်းတော်သည် တုသိတာနတ်ပြည်မှ စုတေ၍ မဟာသက္ကရာဇ် ၆၇ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် မယ်တော်မာယာဝမ်းကြာတိုက်ဝယ် ပဋိသန္ဓေယူတော်မူခဲ့သည်။

လူသာမန်တို့ စွန့်လွှတ်ရန် ခဲယဉ်းလှသော ထီးနန်းစည်းစိမ်ကိုစွန့်လွှတ်၍ မဟာသက္ကရာဇ် ၉၇ ခု၊ ဝါဆိုလပြည့် တနင်္လာနေ့တွင် တောထွက်တော်မူခဲ့သည်။

ဘုရားဖြစ်တော်မူ၍ နှစ်လပြည့်သောမဟာသက္ကရာဇ် ၁၀၃ ခုဝါဆိုလပြည့်စနေနေ့ ညနေချမ်း နေဝင်စအချိန်တွင် ဗာရာဏသီပြည်အနီး ဣသိပတနအမည်ရှိ မိဂဒါဝုန်တောရကို၌ ပဉ္စဝဂ္ဂီငါးပါးဖြစ်သည့် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမနှင့် အဿဇိတို့အား ဓမ္မစကြာတရားဦးကို ဟောကြားတော်မူခဲ့သည်ကိုအကြောင်းပြု၍ ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာအခါတော်နေ့အဖြစ် သတ်မှတ် ခေါ်ဝေါ်ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်သူတော်စင်များ၏ နေ့ထူးရက်မြတ်နှင့် ကြုံကြိုက်နေသကဲ့သို့ ဝါဆိုလပြည့်နေ့တွင် ဥပုသ် သီတင်း သီလဆောက်တည်ကြခြင်း၊ ဝါဆိုသင်္ကန်း၊ ဝါဆိုပန်း၊ ဝါဆိုဖယောင်းတိုင်များကို ဘုရားရှင်အား ကပ်လှူပူဇော်ကြပေသည်။ ထိုသို့ ဝါဆိုလပြည့်နေ့သည်ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ကောင်းမှုပြုရာနေ့ ဖြစ်သကဲ့သို့ ဝါဆိုလပြည့်ကျော်၁ ရက်သည် ဘုရားရှင်သားတော်၊ သံဃာတော် အရှင်သူမြတ်၊ ရဟန်းသာမဏေများအဖို့ အဓိက အရေးပါသောနေ့တစ်နေ့ပင်ဖြစ်သည်။ ထိုနေ့တွင် တစ်တိုင်းပြည်လုံးရှိ ရဟန်း သာမဏေများသည် ဝါဆို၊ ဝါကပ်ရသောနေ့ ဖြစ်သည်။

ဓမ္မစကြာတရားတော်တွင် ဗုဒ္ဓဘုရားရှင်သည် အကျင့်သုံးမျိုးတည်းဟူသော ကာမသုခလ္လိကာနုယောဂအကျင့်၊ အတ္တကိလမထာနုယောဂအကျင့်နှင့် မဇ္ဈိမပဋိပဒါအကျင့်တို့ကို ရှေးဦးစွာဟောကြားတော်မူပြီး သစ္စာလေးပါးဖြစ်သော ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာတို့ကို ဟောတော်မူခဲ့ကြောင်း သိရပေသည်။

ထို့ပြင် ဝါဆိုလပြည့်နေ့သည် ရဟန်းတော်များ ပြင်ပခရီး ညအိပ်၊ ညနေမထွက်ဘဲ ကျောင်းတွင်း၌ပင် ပရိယတ်၊ ပဋိပတ်တရားများ ပွားများအားထုတ်နိုင်စေရန် ဝါဆို၊ ဝါကပ်ခြင်းကို ပညတ်တော်မူသောနေ့လည်းဖြစ်ပေသည်။

ရဟန်းတော်တို့သည် နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးလုံး ဒေသစာရီလှည့်လည်ကြသည်။ ထိုသို့ နေပူ မရှောင်၊ မိုးရွာမရှောင်လှည့်လည်ကြသောကြောင့် လူတို့စိုက်ပျိုးထားသော သစ်ပင်များနှင့် ပိုးမွှားများစသည့် သေးငယ်သော သတ္တဝါများ သေကျေပျက်စီးကြကုန်သောကြောင့် လူတို့ကဲ့ရဲ့ပြစ်တင်ကြသည်။ ထိုအကြောင်းကို ဘုရားရှင်ကြားသိသောအခါ ရဟန်းများအား ဆုံးမတော်မူ၍ ဝါကပ်ကြရန် ပညတ်တော်မူခဲ့သည်။ ထိုအခါမှစ၍ ဝါဆိုခြင်း ပေါ်ပေါက်လာသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်သူတော်စင် မြန်မာလူမျိုးတို့သည် ရှေးရိုးရာထုံးတမ်းစဉ်လာအရ ဝါဆိုလရောက်တိုင်း ဝါမဆိုခင်ကြိုတင်၍ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ဝါဆိုပန်းကပ်လှူပွဲများကို ကျင်းပပြုလုပ်နေကြသော အစဉ်အလာသည် ယနေ့တိုင်တွေ့နေရသည်။

မြန်မာဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ပြုရာ ရက်မြတ်ဖြစ်သည်။ ဝါဆိုလသည် ထုတိကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ခညောင်းသောလမြတ်ဖြစ်သည်။ ရဟန်း၊ သံဃာတော်တို့ ဝါတွင်းသုံးလအတွက် စတင်၍ ဝါဆိုသမှုပြုသောလဖြစ်၍ ဝါဆိုလဟုတွင်သည်။

ဝါဆိုလပြည့်နေ့သည် ဓမ္မစကြာအခါတော်နေ့ အဖြစ်လည်း ထင်ရှားလှသည်။

ဗုဒ္ဓမြတ်စွာဟောကြားညွှန်ပြခဲ့ရာ ဓမ္မစကြာတရားတော်သည် ဗုဒ္ဓဘာသာဝင်တို့အဖို့ အလိုရှိအပ်၊ မြတ်နိုးတောင့်တအပ်သော တရားဖြစ်သည်။ လောကအလင်းရောင် တရားတော်မြတ်အဖြစ် ဖြန့်ကြက်ကွန့်မြူးနေမည့် မြတ်တရားအဖြစ် ပစ္စုပ္ပန်နှင့် တမလွန်ဘဝနှစ်တန်စလုံး အကျိုးပြုရာတရားစစ် တရားမှန်လည်း ဖြစ်သည်။

ဘုရားမြတ်စွာ၏ တရားဦးဓမ္မစကြာ၌ ရှေးဦးစွာ လမ်းသုံးသွယ်ကို ဟောကြားတော်မူပြီး လောကီစိတ် ၈၁ ပါး၊ လောဘကြဉ်သော စေတသိက် ၅၁ ပါး၊ ရုပ် ၂၈ ပါးသည် ဒုက္ခသစ္စာ ဖြစ်၏။ လောဘစေတသိတ်သည် သမုဒယသစ္စာဖြစ်၏။ နိဗ္ဗာန်သည် နိရောဓသစ္စာဖြစ်၏။ မဂ်စိတ်လေးခု၌ရှိသော မဂ္ဂင်တရားကိုယ် ရှစ်ပါးသည် မဂ္ဂသစ္စာဖြစ်၏။ ကြွင်းသောမဂ်စိတ္တုပ္ပာဒ် ၂၉ ခု၊ ဖိုလ်စိတ္တုပ္ပာဒ် ၃၇ ခုသည် သစ္စာဖွဲ့နိုင်ခြင်းမှလွတ်သော သစ္စာဝိမုတ္တိတရားများဖြစ်သည်။

သစ္စာလေးပါးတွင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ နှစ်ပါးကာ လောကီသစ္စာဖြစ်သည်။ လောကကြီးသည် ဤသစ္စာနှစ်ပါးကြောင့် ဒုက္ခတည်းဟူသော ပင်လယ်ထဲတွင် တဝဲလည်လည်ဖြစ်၍နေသည်။ သမုဒယသစ္စာဖြင့် တွယ်တာစွဲလမ်းလိုချင်တပ်မက်နေသမျှ ဒုက္ခသစ္စာသည် ချုပ်ငြိမ်း၍ သွားမည်မဟုတ်ချေ။

သတ္တဝါတိုင်းသည် ဒုက္ခသစ္စာ၊ ဒုက္ခအစစ်အမှန်ဖြစ်သော ပဋိသန္ဓေနေခြင်း၊ ဇာတိစသော ဒုက္ခများကို ဒုက္ခဟု မမြင်ပါချေ၊ ထိုဒုက္ခသစ္စာကို မဟာဗြဟ္မာကြီးများ ဖန်ဆင်း၍ ပေးသည်မဟုတ်ပါချေ၊ လိုချင်နှစ်သက်မှုတဏှာ လောဘ သမုဒယသစ္စာကြောင့်ဖြစ်သည်။ သမုဒယကြောင့် ဒုက္ခစက်ဝိုင်းသည် လည်ချင်တိုင်းလည်နေသည်။

နိရောဓသစ္စာနှင့် မဂ္ဂသစ္စာကား လောကုတ္တရာ သစ္စာဖြစ်သည်။ ဓမ္မစကြာသုတ်ဒေသနာတွင် သစ္စာလေးပါးသရုပ်ကို ရှေးဦးစွာ ဟောတော်မူပြီး သစ္စာလေးပါးကို သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်အားဖြင့် ခွဲခြားပြတော်မူသည်။ သစ္စာလေးပါးကို ဤဉာဏ်သုံးပါးဖြင့် မြှောက်ပွားပါလျှင် ဉာဏ် ၁၂ ပါး ဖြစ်လာသည်။

ဗုဒ္ဓမြတ်စွာသည် တစ်ဆယ့်နှစ်ပါးရှိသော အခြင်းအရာဖြင့် သစ္စာလေးပါးကို သိမြင်တော်မူသောကြောင့် လောကသုံးပါးတွင် ဘုရားအဖြစ်သို့ရောက်တော်မူခဲ့ကြောင်း ဝန်ခံတော်မူပါသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင်အားလုံးသည် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ပစ္စုပ္ပန်နှင့် သံသရာ နှစ်ဖြာသော အကျိုးအတွက် အစွန်းတရားနှစ်ပါးကို ရှောင်ကြဉ်လျက် မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားများကို အလေးထား ကျင့်ကြံအားထုတ်ကြပြီး ဒါန၊ သီလ၊ ဘာဝနာတရားများ ပွားများနိုင်စေရန် **'ဓမ္မစကြာတရား ဆင်ခြင်အောက်မေ့၊ ဝါဆိုလပြည့်'**ဟူ၍ ကမ္ပည်းမော်ကွန်း ထိုးလိုက်ရပါသည်။ ။

အောင်ခင်(မြောင်းမြ)

ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကျင်းပမည်

